# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁၁ ရက် စနေနေ့။ Saturday, 6 May 2017 (၈၉၁၆)




ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလိဇဘတ်၊ မင်းသား ဝီလျံနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ဗြိတိန်ဘုရင်မကြီး အဲလိဇဘတ်၊ တော်ဝင်အိမ်ရှေ့စံ ဝေလမင်းသား ချားစ်တို့အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီးခြားစီတွေ့ဆုံ

လန်ဒန် မေ ၅

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ တော်ဝင်အိမ်ရှေ့စံဝေလမင်းသား ချားစ်နှင့် ကြင်ယာတော်မင်းသမီး ကမ်မီလာတို့နှင့် ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် Clarence House ၌ ရင်းနှီးခင်မင်စွာတွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့

**မွန်မြတ်သည့် နှလုံးသားပိုင်ရှင် တပ်ဖွဲ့ဝင်များ**

စာမျက်နှာ » ၃

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်များအား လက်ခံတွေ့ဆုံ**

စာမျက်နှာ » ၂

**မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) အစည်းအဝေး (၂/၂၀၁၇) ကျင်းပ**

စာမျက်နှာ » ၅

**အထက်အညာမြေမှ အနောက်ဖျားဆီသို့ စီးဆင်းလာသော လက်ခတ်သံများ**

စာမျက်နှာ » ၆


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ရန်ကုန်မြို့နှင့် ကျောင်းကား

ရန်ကုန်မြို့ တိုးတက်ဖွံ့ဖြိုးလာပုံမှာ စနစ်တကျမရှိ၊ မြန်မြန်နှင့် ဖရိုဖရဲဖြစ်၏။ မြို့မြေအသုံးချမှု စနစ်တကျရေးဆွဲပြီး ဖွံ့ဖြိုးလာတာမဟုတ်။ ရုပ်ပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အအုံများဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာအခြေခံပြဿနာ၊ ရေအသုံးချမှုစနစ်၊ လျှပ်စစ်မီးစနစ်၊ အမှိုက်စွန့်ပစ်ရေးစနစ်၊ ရေဆိုးနှင့် မိလ္လာစနစ်၊ မီးဘေးအန္တရာယ် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ရေးစနစ် စသည်တို့ကို ခြုံငုံသုံးသပ်ပြင်ဆင်၍ မြို့ပြမဟာစီမံကိန်းကြိုတင်ရေးဆွဲပြင်ဆင်ထားပြီးမှ ဖွံ့ဖြိုးတိုးတက်လာရတာမျိုးမဟုတ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ရန်ကုန်၏ အဆောက်အအုံသစ်များ တိုးတက်ပေါ်ပေါက်လာမှုက လျင်လျင်မြန်မြန် ဖြစ်ထွန်းလာသလောက် စီမံကိန်းစနစ်တကျပြင်ဆင်မှုက အလျဉ်မီမှုမရှိ။

ထိုအခါ အချိန်ကြာလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မလုံလောက်မှု၊ သုံးရေမလုံလောက်မှု၊ မြို့ပြအလွန်အမင်း ကျပ်တည်းလာမှု၊ အမှိုက်ပုံကြီးများ ဟည်းထလာမှုများ၊ မိုးတွင်းအခါ ရေကြီးရေလျှံမှုများ၊ မီးရေးထင်းရေးဖြစ်လာသည့်အခါမျိုးတွင် ဘေးကျရာနေရာသို့ မီးသတ်ကားပင် အရောက်သွားရန် ခက်ခဲလာရမှုများ၊ လမ်းများပေါ်မှာ အချိန်ကြာမြင့်လာရသည့် ကားကျပ်တည်းမှုများ၊ အများပြည်သူသုံးယာဉ် မလုံလောက်မှုများ၊ မြို့ပြရှိအများပြည်သူအနားယူရန် မြေခင်းကွက်လပ်နှင့် ပန်းခြံများ လျော့ပါးလာမှုများ အစရှိသည်တို့ကြောင့် မြို့သူမြို့သားတို့အဖို့ ကြာလာလေ နေချင့်စဖွယ်အခြေအနေက လျော့နည်းလာလေဖြစ်ခဲ့ရသည်။

ယခုအစိုးရသစ် ပေါ်ပေါက်လာသည့်အခါ ရန်ကုန်မြို့ကို စနစ်တကျဖြစ်စေရန် မြို့ပြမဟာစီမံကိန်းများ ရေးဆွဲရန်ပြင်ဆင်လာခြင်း၊ မြို့မြေအသုံးချမှုဆိုင်ရာစနစ်များကို စံသတ်မှတ်ခြင်း၊ စည်ပင်သာယာဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ဥပဒေနှင့် မညီသည့် စီမံကိန်းများကို ကန့်သတ်ရန်ကြိုးစားခြင်း၊ အများပြည်သူသုံးဘတ်စ်ကားစနစ်များကို ပြန်လည်ပြင်ဆင်ရန် ကြိုးစားခြင်းစသည်ဖြင့် ဘက်ပေါင်းစုံက အစီအမံမျိုးစုံ အားထုတ်လာသည်ကို တွေ့မြင်လာရပါသည်။

အစီအမံများ အားထုတ်မှုများဖြင့် ဆောင်ရွက်လာသော်လည်း အကျပ်အတည်းများကြားမှ သိသာထင်ရှားစွာ ရုန်းထွက်နိုင်သည့် အခြေအနေကို မရောက်သေးသည့်အတွက် ပြည်သူတို့မှာ သည်းခံနိုင်သမျှ သည်းခံရင်း ကောင်းမွန်လာမည့် အနာဂတ်ကိုသာ မျှော်လင့်နေကြရတာဖြစ်ပါသည်။

ယခုအခါ ရန်ကုန်မြို့ရှိ ကျောင်းများတွင် ကျောင်းကားအသုံးပြုရေးစနစ်ကို စတင်ကျင့်သုံးတော့မည်ဟူသည့် သတင်းများထွက်ပေါ်လာခဲ့ပါသည်။

ကားဖြင့်လာရန်လိုအပ်သော အဆိုပါကျောင်းသားများအဖို့ ကျောင်းကားကိုသာ အသုံးပြုရေးဆိုသည့်စနစ်မှာ အလွန်ပင် အမြော်အမြင်ရှိပြီး မြို့အကျပ်အတည်းများကို အတော်အသင့် ဖြေရှင်းပေးနိုင်မည့်အပြင် ကျောင်းသားများကြားရှိ လူမှုရေးပြဿနာများကိုလည်း အတော်အသင့် လျော့ပါးစေမည့် စနစ်ဖြစ်သည်ဟု ယူဆပါသည်။ ရေရှည်တွင် ကျင့်သုံးရမည့် ဖြေရှင်းနည်းပင်ဖြစ်သည်။

သို့သော်. . .

ဤသို့သော်မှာ အရေးကြီးသည့် သို့သော်ဖြစ်မည်ဟု ထင်ပါ၏။ ရန်ကုန်မြို့၏ ဖရိုဖရဲဖွံ့ဖြိုးမှုနှင့် လိုက်လျောညီအောင် နေထိုင်ခဲ့ကြသည့် မြို့သူမြို့သားတို့၏ အသားကျနေသည့်စနစ်ကိုလည်း အလေးဂရုပြုရန် လိုအပ်မည်ဟု ယူဆပါသည်။

စနစ်သစ်တစ်ခုကို ပြောင်းလဲတော့မည်ဆိုသည်နှင့် အသားကျနေသော စနစ်ဟောင်းနှင့် အဆင်ပြေချောမွေ့စွာ ပြောင်းလဲသွားမှုမျိုးဖြစ်ရန် လိုအပ်ပါမည်။ လက်ရှိကျောင်းသားတို့ကို မိဘတို့ကိုယ်တိုင် လိုက်လံပို့ဆောင်နေသည့် စနစ်တွင်း၌ မြို့ကျပ်တည်းမှု အားနည်းချက်အကြီးအကျယ်ရှိနေသည်မှန်သော်လည်း မိဘများအတွက် စိတ်ချရမှု၊ ကလေးများအတွက် လုံခြုံမှု၊ မိဘများက လုံးဝတာဝန်ယူမှုအစရှိသည့် အားသာချက်များကို အထူးဂရုပြုရန်လိုအပ်ပါမည်။

အနိမ့်ဆုံးအားဖြင့် ကျောင်းကားများသည် ကျောင်းသားများ၏ လုံခြုံမှုအတွက် စိတ်ချရမှုရှိရန်၊ ကျောင်းကားမောင်းသူများ စနစ်ကျကျွမ်းကျင်မှု၊ စည်းကမ်းလိုက်နာမှု၊ ကျောင်းကားယာဉ်နောက်လိုက်များ၏ သိမ်မွေ့ယဉ်ကျေးချိုသာမှု၊ ကလေးငယ်များအား မှန်ကန်သည့် ဆက်ဆံမှုအစရှိသည့် ကလေးများအတွက်လုံခြုံပြီး သက်သောင့်သက်သာရှိသည့် ဝန်းကျင်ဖြစ်ရေးကို အသေအချာအချိန်ယူပြင်ဆင်ရန် လိုအပ်မည်ဟု ယူဆမိပါကြောင်း။ ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Hon. Ms. Yoko KAMIKAWA၊ Hon. Mr. Akira SATO နှင့် Hon. Mr. Teru FUKUI တို့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍများတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးနေမှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဘဏ္ဍာငွေအကြောင်းများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တီဘီရောဂါဆေးယဉ်ပါးလူနာများအား ပိုမိုရှာဖွေကုသနိုင်ရေးဆွေးနွေး

**နေပြည်တော် မေ ၅**



အမျိုးသားအဆင့် သုနာပြု သားဖွား နီးနှောဖလှယ်ပွဲ ၂၀၁၆ မှထွက်ပေါ်လာသော အကြံပြုချက်များအပေါ် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို မေ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သုနာပြု၊ သားဖွားများ၏ ပုံရိပ်နှင့် ပညာရပ်ဆိုင်ရာ အရည်အသွေးပိုမိုတိုးတက်ရေး၊ ဘဝတက်လမ်းအတွက် အကျိုးရှိစေရေးတို့အတွက် လက်တွေ့လုပ်ဆောင်ရမည့် အချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများ အလိုက် အကြံပြုချက်များအပေါ် ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ၏ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ရာ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ စီမံချက်မန်နေဂျာ ဒေါက်တာစည်သူအောင်က မြန်မာနိုင်ငံ၏ တီဘီ၊ ဆေးယဉ်ပါး တီဘီ၊ တီဘီ/အိတ်ချ်အိုင်ဗွီ အခြေအနေများအားလည်းကောင်း၊ ၂၀၁၇ ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သည့် Delhi Call for Action အား အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များအားလည်းကောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆေးယဉ်ပါး တီဘီရောဂါ (MDR-TB) ဖြစ်ပွားမှုသည် အလွန်အရေးကြီးပြီး ဆေးပေါင်းစုံယဉ်ပါးသည့် ဆေးမတိုးသည့် တီဘီ (XDR-TB) အဆင့်သို့ မရောက်ရှိစေရန်နှင့် လူနာများဆေးရရှိရေး၊ ကုသပျောက်ကင်းရေးတို့ကို အထူးဂရုပြု ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊

ရှာဖွေတွေ့ရှိရန် ကျန်ရှိနေသည့် တီဘီဆေးယဉ်ပါးလူနာများအား ပိုမိုရှာဖွေကုသနိုင်ရေးကြိုးစား ဆောင်ရွက်ရန်၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း(ဗဟို)မှ လက်ထောက်ဆရာဝန်များ တီဘီရောဂါဆိုင်ရာ အသိပညာများတိုးပွားရေးအတွက် စာတမ်းဖတ်ပွဲများ အလှည့်ကျဆောင်ရွက်ရန်၊ တီဘီရောဂါအသိပညာပေးခြင်း ကျန်းမာရေးပညာဌာနနှင့် ပူးပေါင်း၍ ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင်ရောက်ရှိရေး၊ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပြောကြားကာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၅**

ရန်ကုန်(ရွှေဈေး) ၈၉၃၅၀၀ - ၈၉၃၅၀၀ မန္တလေး(ရွှေဈေး) ၈၉၃၅၀၀ - ၈၉၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၅ ကျပ်၊ | ၈၁၅/၈၆၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၂၀ ကျပ်၊ | ၇၅၀/၇၇၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၂၅/၇၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၃၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၅/၆၄၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၁၈/၆၂၉ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၈၉. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၇၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၁၉၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၂. ၈၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၃၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၄. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၄၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၄. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၈. ၈၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အီတလီဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**ဗြိတိန် (လန်ဒန်) မေ ၅**

ရောမမြို့၌ တရားဝင်ခရီးရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အီတလီဝန်ကြီးချုပ် H.E. Mr. Paolo Gentiloni က ယမန်နေ့ ညနေပိုင်းတွင် ရောမမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။**(ယာပုံ)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အီတလီဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် အီတလီနိုင်ငံ ရောမမြို့ Fiumicino အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး၏ အထူးကိုယ်စားလှယ် Mr.Bill Henderson၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Patrick နှင့် တာဝန်ရှိသူများက ဟီးသရိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ Dorchester Hotel သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



## မွန်မြတ်သည့် နှလုံးသားပိုင်ရှင် တပ်ဖွဲ့ဝင်များ

**နေပြည်တော် မေ ၅**

မီးသတ်သမားတစ်ယောက်၏ နှလုံးအိမ်တွင် ရန်သူ၊ မိတ်ဆွေမရှိဘဲ ဘေးဒုက္ခအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသူတိုင်းကို မိမိတို့အသက်၊ ခန္ဓာအရင်းတည်ပြီး ကူညီကယ်တင်ပေးသောသူများဖြစ်သည့်အတွက် "မွန်မြတ်သည့်နှလုံးသားပိုင်ရှင်တပ်ဖွဲ့ဝင်များ" ဖြစ်ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည့် (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့သည် လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အချိန်အထိ နိုင်ငံရေးအရောင်အသွေးမရှိဘဲ ပြည်သူ့အကျိုးပြုတပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့ပါကြောင်း၊ မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းသည် အဓိကအားဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပင်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက် စနစ်တကျအစီအမံများ ချမှတ်လုပ်ဆောင်ခဲ့ရသည့်အပြင် တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရေး ကြိုးပမ်းအားထုတ် လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို လက်ရှိအခြေအနေများနှင့် နောင်ဖြစ်တည်လာမည့် အနာဂတ်ကာလကို မျှော်မှန်း၍ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲခဲ့ပါကြောင်း၊ နိုင်ငံတကာမီးသတ်အဖွဲ့များနှင့် နီးနီးကပ်ကပ်ပေါင်းစပ်၍ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး ရရှိလာသည့် နည်းပညာများနှင့် မိမိတို့တာဝန်ယူရသည့် ဒေသများတွင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးလောင်မှုအကြိမ်ရေ ၁၅၈ ကြိမ် ဖြစ်ပွားခဲ့၍ အိမ်ခြေအဆောက်အအုံ ၅၉ လုံး မီးလောင်ကျွမ်းခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၀၈ ဒသမ ၀၁၈ ခန့် ဖြစ်သည်ကို တွေ့ရှိရကြောင်း။

မီးသတ်တပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီ၊ မေနှင့် ဇွန်လများအတွင်း အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးသော မြို့နယ်များသို့ မီးသတ်ယာဉ်များဖြင့် ရေပေးဝေမှုအကြိမ်ပေါင်း ၂၂ ကြိမ်တွင် ရေဂါလန်ပေါင်း ခြောက်သောင်းကျော် ပေးဝေလှူဒါန်းနိုင်ခဲ့ပြီး အလားတူ ရေပေးဝေလှူဒါန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရေဂါလန် နှစ်သောင်းကျော် လှူဒါန်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြောကြားသည်။

အခမ်းအနားတွင် နေပြည်တော်အတွင်းရှိ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၉ ဦးက နေပြည်တော်ကောင်စီဥက္ကဋ္ဌအား စစ်ရေးပြပုံစံဖြင့် အလေးပြုကြပြီး အထပ်မြင့်အဆောက်အအုံအတွင်း မီးခိုးပိတ်မိနေသော လူနာကို ကယ်ဆယ်မှုသရုပ်ပြသခြင်း၊ ခေတ်မီမီးသတ်စနစ်များဖြစ်သော မီးခိုးထောက်လှမ်းရေး ကိရိယာ၊ အလိုအလျောက် ရေဖျန်းစနစ်၊ မီးသတ်ရေပက်ပိုက်ခွေနှင့် ဓာတုဗေဒပေါင်းဒါမှုန့်ခြောက်မီးသတ်ဆေးဘူး တပ်ဆင်ထားသော အဆောက်အအုံ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ အလုံပိတ်အခန်းတစ်ခုမီးလောင်မှုမှ မီးတောက်မီးလျှံထွက်မှုဖြစ်စဉ် သရုပ်ပြသခြင်း၊ စက်သုံးဆီမီးလောင်မှုအား မီးငြိမ်းသတ်မှုသရုပ်ပြသခြင်း၊ ဆပွားနှုန်းမြင့်မားသော အမြှုပ်ထုတ်ကိရိယာဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်များ စုပေါင်းအားဖြင့် ရေပက်သရုပ်ပြသခြင်းတို့ကို လက်တွေ့သရုပ်ပြကြသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယခုအခါ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် သန္ဓေဖွဲ့စည်းပုံအင်အား ၂၄၅၉၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၉၃၈၄၀၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၈၀၀၈ ဦး၊ မီးသတ်စက်နှင့် ယာဉ်အင်အား ၃၁၅၁ စီးတို့ဖြင့် တစ်နိုင်ငံလုံးတွင် ဖြန့်ခွဲ၍ ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးနှင့်အခြားသောသဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များသည် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် မီးဘေး၊ ရေဘေး၊ လေဘေး စသည့်ဘေးအန္တရာယ်များအပြင် နောင်အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက်လည်း ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန် သန္နိဋ္ဌာန်ပြုကာ အမြဲကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိသည်။

**သတင်း-မော်စီ(သတင်းစဉ်)**

**ဓာတ်ပုံ-ကိုကိုစိုးညွန့်(သတင်းစဉ်)**



## မြန်မာနိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် မေ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်ဘေးရီးယားသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့်ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၇ ခုနှစ် မေ ၅ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ လိုက်ဘေးရီးယားသံအမတ်ကြီးတို့သည် ၂၀၁၇ ခုနှစ် မေ ၅ ရက်တွင် ပေကျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လိုက်ဘေးရီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၉) နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့်နိုင်ငံဖြစ်သည်။

**(သတင်းစဉ်)**

# အိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေအား အစားထိုးမည့် ဥပဒေမူကြမ်း အောက်လွှတ်တော်အတည်ပြု

**ဝါရှင်တန် မေ ၅**

ယခင်အမေရိကန်သမ္မတ ဘာရက် အိုဘားမား၏ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဥပဒေအား အစားထိုးရန်ရည်ရွယ်သည့် ဥပဒေ မူကြမ်းတစ်ရပ်ကို အမေရိကန် အောက်လွှတ်တော်က အတည်ပြု ပေးလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။




အဆိုပါ ဥပဒေမူကြမ်းကို အောက်လွှတ်တော်က ထောက်ခံမဲ ၂၁၇ မဲ၊ ကန့်ကွက်မဲ ၂၁၃ မဲဖြင့် အတည်ပြုနိုင်ခဲ့သည်။ အောက်လွှတ်တော်ရှိ ဒီမိုကရက်အမတ်များအားလုံးက ဥပဒေမူကြမ်းသစ်ကို ဆန့်ကျင်ကန့်ကွက်ကြသဖြင့် ထောက်ခံမဲ အနည်းငယ်မျှအသာဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အိုဘားမားလက်ထက် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သော စရိတ်မျှတ ကျန်းမာရေးစောင့်ရှောက်မှု အက်ဥပဒေကို အစားထိုးမည့် ဥပဒေတစ်ရပ်အဖြစ် အမေရိကန်ကျန်းမာရေး စောင့်ရှောက်မှု အက်ဥပဒေကို ရီပတ်ဘလီကန်အမတ်များက ထောက်ခံမဲပေးကာ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

အိုဘားမား၏ ဥပဒေရေးရာ အောင်ပွဲတစ်ရပ်အဖြစ် ရှုမြင်ခံခဲ့ရသော စရိတ်မျှတ ကျန်းမာရေး စောင့်ရှောက်မှု အက်ဥပဒေကို အစားထိုးနိုင်ရေးနှင့် ပတ်သက်၍ ဥပဒေမူကြမ်းရေးဆွဲကာ အတည်ပြုနိုင်ရေး လုပ်ဆောင်ခဲ့ရာတွင် ရီပတ်ဘလီကန်ပါတီအတွင်း သဘောထားအလယ်အလတ်ရှိသူများနှင့် ရှေးရိုးစွဲဝါဒီများအကြား အချေအတင် အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည်။

**ရိုက်တာ။**

# ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် အီမင်နျူယယ်လ်မေခရွန် ပိုမိုရေပန်းစား

**ပါရီ မေ ၅**

ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့မဲပေးပွဲ အကြိုကာလတွင် ဗဟိုဝါဒီ သမ္မတလောင်း အီမင်နျူယယ်လ်မေခရွန်က လက်ယာစွန်းရောက် ပြိုင်ဘက် သမ္မတလောင်း မာရင်းလီပန်းထက် ပိုမိုရေပန်းစားနေကြောင်း၊ ပြင်သစ်နိုင်ငံ၏ နိုင်ငံရေးရှုခင်းကို လုံးဝပြောင်းလဲစေနိုင်သော ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို မေ ၅ ရက်က အပြီးသတ်ပြုလုပ်ခဲ့ရာတွင် သမ္မတလောင်းများက အကြိတ်အနယ် မဲဆွယ်စည်းရုံးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ၌ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်သည့် ကာလအတွင်း အရေးအကြီးဆုံး ရွေးကောက်ပွဲအဖြစ် ရှုမြင်ကြရသည့် သမ္မတရွေးကောက်ပွဲ၌ အဓိကယှဉ်ပြိုင်လျက်ရှိသော သမ္မတလောင်းနှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦးလုံးဝ မတူကွဲပြားသော နိုင်ငံရေး အမြင်များကို ဖွင့်ဟကာ မဲဆွယ်စည်းရုံးလျက် ရှိကြသည်။ ဥရောပအပေါ် ရှုမြင်ပုံနှင့် ကမ္ဘာ့အလယ် ပြင်သစ်နိုင်ငံ၏ရပ်တည်ချက်တို့နှင့် ပတ်သက်၍ သဘောထားအမြင်များ ကွဲပြားလျက်ရှိနေကြသည် ဆို၏။



အမျိုးသားတပ်ဦး ပါတီ၏ ခေါင်းဆောင် လီပန်းသည် ပြင်သစ်နိုင်ငံ၏ နယ်စပ်ဒေသများကို အသုံးပြု၍ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုများကို ပိတ်ပင်သွားမည်ဟု သန္နိဋ္ဌာန်ပြုထားပြီး ယူရိုငွေကြေးဇုန်မှ ပြင်သစ်နိုင်ငံ နုတ်ထွက်ရေး အယူအဆကို ထုတ်ဖော်ခဲ့သည်။

ရွေးချယ်တင်မြှောက်ခံ ရာထူးနေရာတစ်နေရာတွင် မည်သည့်အခါကမျှ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ မဟုတ်သော မေခရွန်မှာမူ အခြားဥရောပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုလားသူဖြစ်သည်။

သမ္မတရွေးကောက်ပွဲ၏ ဒုတိယအကျော့မဲပေးပွဲကို မေ ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရိုက်တာ။**

# တရုတ်ပြည်တွင်းလုပ် ခရီးသည်တင်လေယာဉ် စတင်ပျံသန်းမှု ရှန်ဟိုင်းမြို့တွင် ပြုလုပ်

**ရှန်ဟိုင်း မေ ၅**

တရုတ်နိုင်ငံက ပြည်တွင်းတွင် တည်ဆောက်သည့်အကြီးစား ခရီးသည်တင် လေယာဉ်ပျံသန်းမှုကို ရှန်ဟိုင်းမြို့၌ မေ ၅ ရက်တွင် ပြုလုပ်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ဥရောပများနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် တရုတ်နိုင်ငံသည်ကမ္ဘာ့ခရီးသည်တင် စတုတ္ထမြောက်ဂျမ်ဘို ဂျက်လေယာဉ်များ ထုတ်လုပ်သည့် နိုင်ငံဖြစ်လာမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်လေကြောင်းသုံး လေယာဉ်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း(စီအိုအမ်အေစီ)အတွက် ယင်း ခရီးသည်တင် ဂျက်လေယာဉ်ထုတ်လုပ်နိုင်မှုသည် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်မှုပင်ဖြစ်သည်။

တရုတ်နိုင်ငံမှ တည်ဆောက်ထုတ်လုပ်သော စီ ၉၁၉ ဟု အမည်ပေးထားသည့် ခရီးသည်တင် ဂျက်လေယာဉ်ကို ရှန်ဟိုင်းမြို့အခြေစိုက် အဆိုပါ ကော်ပိုရေးရှင်း၏စက်ရုံမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ဂျက်အင်ဂျင်နှစ်လုံးတပ် စီ ၉၁၉ လေယာဉ်သစ်သည် ရှန်ဟိုင်းမြို့ ဖူတုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်စီးခရီးသည်များမပါရှိဘဲ လေယာဉ်အဖွဲ့ဝင် ငါးဦးဖြင့်သာ စတင်၍ပျံသန်းခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်အား မှည့်ခေါ်ထားသည့် စီ-၉၁၉ တွင် "စီ"ဟူသော အက္ခရာသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်(စီအို အမ်အေစီ)အား ကိုယ်စားပြုပြီး အလယ်မှ ကိုးဂဏန်းမှာ တရုတ်ရိုးရာအယူအဆအရ ထာဝရဟူသော အဓိပ္ပါယ်ကို ကိုယ်စားပြုကာ ၁၉ ဂဏန်းမှာ လေယာဉ်ခရီးသည် လိုက်ပါနိုင်မှု အမြင့်ဆုံးဦးရေ ၁၉၀ ကို ကိုယ်စားပြုသည်ဟု သတင်းတွင် ဖော်ပြသည်။

ကိုယ်ထည်ကျဉ်း ခရီးသည်တင်လေယာဉ်အမျိုးအစားအဖြစ် တည်ဆောက်ခဲ့သည့် စီ ၉၁၉ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် အဝေးဆုံး ခရီးတာ ၄၀၇၅ ကီလိုမီတာအထိ ပျံသန်းနိုင်ပြီး အဲဘတ်စ်ကုမ္ပဏီမှ နောက်ဆုံးထုတ်လုပ်ခဲ့သော အဲဘတ်စ်-၃၂၀ နှင့်ဘိုးရင်းကုမ္ပဏီ၏ မျိုးဆက်သစ် ခရီးသည်တင်လေယာဉ် အမျိုးအစား ဘိုးရင်း ၇၃၇ တို့နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း၊ တရုတ်နိုင်ငံမှထုတ်လုပ်သော ခရီးသည်တင် လေယာဉ်သည် တရုတ်ပြည်တွင်း မြို့ပြလေကြောင်း ဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဟု အချက်ပြလိုက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

❑

# ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများသို့ သမ္မတထရန့် အလည်အပတ်ခရီးသွားမည်

**ဝါရှင်တန် မေ ၆**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်သည် သမ္မတရာထူးတာဝန်များ စတင်ထမ်းဆောင်သည့်အချိန်ကစပြီး ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံနှင့် အစ္စရေးနိုင်ငံများအပါအဝင် နိုင်ငံအများအပြားသို့ ယခုလနှောင်းပိုင်းတွင် အလည်အပတ် ခရီးသွားရောက်မည်ဖြစ်ကြောင်း မေ ၄ ရက်တွင် အိမ်ဖြူတော်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ပြီး ဆော်ဒီဘုရင် ဆယ်လ်မန်ဘင် အာဒူလာဇစ်အပါအဝင် အိမ်နီးချင်း အာရပ်နိုင်ငံခေါင်းဆောင်ကြီးများနှင့်တွေ့ဆုံကာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့အပါအဝင် အခြားသော စစ်သွေးကြွအဖွဲ့များအား အမြစ်ပျက်တိုက်ခိုက်ချေမှုန်းမည့် အစီအစဉ်များနှင့် အီရန်အရေးတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ မွတ်စလင်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံခြင်းသည် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် မွတ်စလင်မဟာမိတ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သမ္မတထရန့်က ဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်ပြီးနောက် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျာမင် နီတန်ရာဟူ နှင့် ပါလက်စတိုင်းသမ္မတ မာဟွတ်အာဘာစ်တို့နှင့် တွေ့ဆုံကာ အရှေ့အလယ်ပိုင်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ခြင်းဖြင့် အမေရိကန်နိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံများ တိုးပွားစေသည်ဟု သမ္မတထရန့်က ဆိုသည်။

အရှေ့အလယ်ပိုင်းခရီးစဉ်ပြီးနောက် သမ္မတထရန့်သည် ပုပ်ရဟန်းမင်းကြီး ဖရန့်ဆစ်နှင့်တွေ့ဆုံရန် အီတလီနိုင်ငံရှိ ဗာတီကန်စီးတီးသို့ သွားရောက်မည်ဖြစ်သည်။

ထို့နောက် သမ္မတထရန့်က အီတလီနိုင်ငံတွင်ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးကို တက်ရောက်ပြီးနောက် ဘယ်လ်ဂျီယမ်နိုင်ငံတွင် ကျင်းပမည့် နေတိုးထိပ်သီးအစည်းအဝေးကို တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ကလေးငယ် တစ်သန်းကျော် အရေးပေါ်အကူအညီများလိုအပ်

**ဂျီနီဗာ မေ ၅**

အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည့် ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ကလေးငယ် ၁ ဒသမ ၁ သန်းခန့်သည် ဘေးအန္တရာယ်များကြားတွင် ကျရောက်လျက်ရှိကြောင်း ကုလသမဂ္ဂ နိုင်ငံတကာကလေးများအရေးအပေါ် ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က မေ ၅ ရက်တွင် သတိပေးပြောကြားသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ကလေးငယ်များ၏ အခြေအနေသည် သေရေးရှင်ရေးတမျှ အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိကြောင်း ယူနီဆက် ပြောရေးဆိုခွင့်ရှိသူ ခရစ္စတို ဘူလဲရာက နှစ်ပတ်တစ်ကြိမ် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားသည်။

ကိန်းဂဏန်းအချက်အလက်များအရ ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ကလေးငယ် ခုနစ်ယောက်လျှင် တစ်ယောက်သည် ငါးနှစ်မပြည့်မီသေဆုံးရခြင်း၊ ကလေးငယ် ၄၀ ရာခိုင်နှုန်းသည် ကာလရှည် အဟာရချို့တဲ့ခြင်း၊ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် ဉာဏ်ရည်နိမ့်ကျခြင်းများဖြစ်ပွားလျက်ရှိသည်ဟု ဆိုသည်။

"ဗဟိုအာဖရိကသမ္မတနိုင်ငံဟာ ကလေးငယ်တွေနဲ့ အကူအညီပေးရေး အလုပ်သမားတွေအတွက် ကမ္ဘာ့အန္တရာယ်အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်"ဟု ခရစ္စတို ဘူလဲရာက ပြောကြားသည်။

ထိလွယ်ရှလွယ်သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ရုန်းကန်နေရသည့် ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် လူဦးရေ ၈၉၀၀၀၀ ခန့်သည် အိုးအိမ်များစွန့်ခွာ ထွက်ပြေးနေကြရပြီး လူဦးရေ ၂ ဒသမ ၂ သန်းသည် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ အလျင်အမြန်လိုအပ်လျက်ရှိသည်ဟု ယူနီဆက်က ပြောကြားသည်။

ယူနီဆက်အနေဖြင့် ဗဟိုအာဖရိကသမ္မတနိုင်ငံရှိ ကလေးသူငယ်များနှင့် အိုးမဲ့အိမ်မဲ့ မိသားစုများကို အရေးပေါ်ကူညီရန် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၆ သန်း လိုအပ်သည်ဟု ပြောကြားသည်။

**ဆင်ဟွာ။**

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့(MPU)အစည်းအဝေး(၂/၂၀၁၇)ကျင်းပ


**မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU)အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် မေ ၅**
မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU)အစည်းအဝေး(၂/၂၀၁၇)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇)၏ ဆုံးဖြတ်ချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးအသီးသီး ပြင်ဆင်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှတ်တော်ရုံးများ ဖွဲ့စည်းပုံအသစ်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန္ဒပြုဝန်ထမ်းများ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ အရာထမ်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ လည်းကောင်း၊ အမှုထမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရုံးများတွင် တွဲဖက်တာဝန်ထမ်းဆောင်ရန် လိုအပ်မည့်ရာထူးအလိုက် အင်အားစာရင်းနှင့် ထပ်မံဖြည့်စွက်ခန့်ထားရန် လိုအပ်သည့်ရာထူးအလိုက်စာရင်းကိုလည်း ပြုစုပေးရန် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးအားလုံးသို့ တောင်းခံထားပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကော်မရှင်နှင့် MPU အဖွဲ့ဝင်များ ညှိနှိုင်းရေးဆွဲခဲ့သည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ယခုအစည်းအဝေးတွင် အတည်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်နှင့် ပဋ္ဋမပုံမှန်အစည်းအဝေး၌ တင်သွင်းဆွေးနွေးနိုင်ရန်လျာထားကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်သည် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သိရှိဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးတည်ငြိမ်ပျက်ပြားမှုများကိုဖြစ်စေမည့် ကောလာဟလသတင်းဖြန့်မှုများရှိနေပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် လွှတ်တော်၏ အခန်းကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီဖြစ်စေရန် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက နည်းလမ်းတကျတည့်မတ်ပေးစေလိုကြောင်း၊ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးအစိုးရတို့အကြား တတ်နိုင်သမျှ ပိုင်းခြားဆောင်ရွက်ခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန် ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း၊ တင်ဒါခေါ်ယူခြင်း လုပ်ငန်းများတွင်လည်း အဂတိလိုက်စားမှု ကင်းကင်းရှင်းရှင်းဖြင့် မှန်ကန်စွာ ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၁/၂၀၁၇) ဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်မြင့်ဖေက ၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅။)ပါ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်ရန် လိုအပ်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြခြင်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်အကြံပြုဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

## လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင် ၎င်း၏ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၆**
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုနိုင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မေ ၄ ရက်တွင် ဗီယင်ကျန်းမြို့၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘွန်ညံဗိုရာချစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# တစ်ဖက်နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ထိန်းသိမ်းခံရပြီး ပြန်လည်လွတ်မြောက်လာသူများ လားရှိုးမြို့သို့ ထပ်မံရောက်ရှိ

**လားရှိုး မေ ၅**
တစ်ဖက်နိုင်ငံ အကျဉ်းထောင်၌ အကြောင်းအမျိုးမျိုးကြောင့် ထိန်းသိမ်းခံရပြီး ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား အမျိုးသမီး ၂၀ သည် မေ ၃ ရက် ည ၁၀ နာရီခန့်က လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိခဲ့ရာ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပုညနန္ဒက လက်ခံနေရာချထားပေးသည်။

အဆိုပါ အမျိုးသား အမျိုးသမီးများအား မေ ၄ ရက် နံနက်ပိုင်းက မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ဝန်ထမ်းများ၊ လားရှိုးမြို့ လူမှုကူညီရေးအဖွဲ့များနှင့် တစ်ဦးချင်းစေတနာရှင်များက ထမင်းထုပ်၊ ရေသန့်ဘူး၊ စားသောက်စရာများနှင့် တစ်ဦးလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ထောက်ပံ့ကူညီပေးခဲ့ကြသည်။

ထို့နောက် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးပြီး ၎င်းတို့၏နေရပ်ဒေသသို့ ပို့ဆောင်ကူညီပေးခဲ့ကြသည်။

"ယခုတစ်ကြိမ်က ဒုတိယအကြိမ် ထပ်မံရောက်ရှိလာတာပါ။ ဧပြီ ၂၉ ရက်ကလည်း ၁၅၀ ကျော် ရောက်လာလို့ ကူညီစောင့်ရှောက်ပြီး မော်တော်ယာဉ်သုံးစီးနဲ့ နေရပ်ဒေသကို ပြန်နိုင်အောင် စီစဉ်ပေးခဲ့ပါတယ်။ အများစုကတော့ မြန်မာနိုင်ငံအလယ်ပိုင်းလောက်ကဖြစ်ပြီး တစ်ဖက်နိုင်ငံ နယ်စပ်အနီးမှာ အလုပ်သွားလုပ်ကြရင်း ဟိုဘက်နိုင်ငံထဲ ရောက်သွားကာ ထိန်းသိမ်းခံခဲ့ရသူတွေပါ။ ဆရာတော်နဲ့ လားရှိုးမြို့က စေတနာရှင်တွေက ကူညီစောင့်ရှောက်ပေးခဲ့ကြတာပါ"ဟု မန်ဆူရှမ်းကျောင်းဆရာတော်က မိန့်ကြားတော်မူခဲ့သည်။ **(သီပေါကိုလတ်)**



## ဥတုရာသီ တောကိုမိုး၏

# နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များ သက်ဆိုင်ရာနေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာ

**တောင်ကြီး မေ ၅**
၂၀၁၇ ခုနှစ် နဝမတန်းဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များသည် အင်းလေးခေါင်တိုင်စခန်းသိမ်းပြီး ယနေ့တွင် သက်ဆိုင်ရာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ဘက်စုံပညာထူးချွန်လူငယ်များသည် မေ ၄ ရက်တွင် တောင်ကြီးမြို့နယ်အတွင်းရှိ ဘုရားစေတီများကို ဖူးမြော်ကာ ဒေသန္တရဗဟုသုတများ လေ့လာပြီးနောက် ညပိုင်းတွင် စခန်းသိမ်းပွဲကျင်းပခဲ့သည်။

ယနေ့တွင် သက်ဆိုင်ရာ နေရပ်ဒေသအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြခြင်းဖြစ်သည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**


**နဝမတန်း ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာစဉ်။** (ဇော်ဘီ)

# အထက်အညာမြေမှ အနောက်ဖျားဆီသို့ စီးဆင်းလာသော လက်ခတ်သံများ

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မောင်မောင်သန့်(ကြေးမုံ)

အဆောက်အအုံ ပရဝဏ်အတွင်း စတင်ခြေချလိုက်သည်နှင့် ဂျောက်ဂျက်---ဂျောက်ဂျက်---ဂျောက်ဂျက် ဟူသော လက်ခတ်သံ။ ချည်မျှင်အရောင်မျိုးစုံကို တက်ညီလက်ညီ ရက်လုပ်နေသည့် လူငယ်အမျိုးသား၊ အမျိုးသမီးများ လှုပ်ရှားမှုမှ ပေါ်ထွက်လာသောစည်းချက်ညီ ရက်ကန်းစင်များမှ လက်ခတ်သံများပင်။ ထိုလက်ခတ်သံများသည် စစ်တွေမြို့နှင့် ကိုးမိုင်ခန့် ဝေးကွာသော ရန်ကုန်-စစ်တွေ လမ်းမကြီးဘေးရှိ စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာ ရွှေကျားရခိုင်ရက်ကန်းထည် အသေးစားလုပ်ငန်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ရွှေကျားရခိုင်ရက်ကန်းထည်အသေးစားလုပ်ငန်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းတစ်ခုအဖြစ်မှ စတင်ခဲ့ခြင်းဖြစ်သည်။ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းမှ တစ်ဆင့်လှမ်းကာ အသေးစားလုပ်ငန်းအဖြစ်သို့ တက်လှမ်းနိုင်ခဲ့သည်က တစ်နှစ်အတွင်းမှာပင်။ ယခုအခါ အသေးစားလုပ်ငန်းအဖြစ်မှ အလတ်စားလုပ်ငန်းတစ်ခုသို့ များမကြာမီရက်အတွင်း ပြောင်းလဲနိုင်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်း ကျေးလက်ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော်နေသော နိုင်ငံတော်အနေဖြင့် ရွှေကျားရခိုင်ရက်ကန်းထည် အသေးစားလုပ်ငန်းကို ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အလတ်စားလုပ်ငန်းတစ်ခုအဖြစ် မေ ၇ ရက်တွင် တိုးချဲ့ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်သည်။ ထိုသို့ပြောင်းလဲနိုင်ခြင်းမှာ ပိုင်ရှင်ကိုယ်တိုင်ကပင် စိတ်အားထက်သန်ကြိုးစားမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို တစိုက်မတ်မတ် လက်တွေ့အကောင်အထည်ဖော်ဆောင်နေသော ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့၏ ဝိုင်းဝန်းကူညီထောက်ပံ့ပေးမှုတို့ကြောင့်ပင်ဖြစ်သည်။

"ရခိုင်ချည်ထည်တွေက အရင်တော်တော်လေး နေရာရခဲ့တယ်။ အရည်အသွေးကောင်း၊ ချည်ကောင်း၊ လက်ရာကောင်းခဲ့တယ်။ အဲဒီလိုကနေ တရုတ်ချည်ထည်တွေ ရောနှောလာတဲ့နောက်ပိုင်းမှာ နာမည်မရှိတော့ဘူး။ ရခိုင်ထည်ဆိုတာ တကယ့်ရိုးရာနာမည်လေးပဲ ကျန်တော့တယ်။ ဒါကို ကျွန်မ သဘောပေါက်လာတယ်။ ရိုးရာရခိုင်ချည်ထည်တွေကို ပြန်အကောင်အထည်ဖော်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုကို ဖြေလျှော့နိုင်ဖို့ စိတ်အားထက်သန်လာတာကြောင့် ရှိတဲ့အရင်းအနှီးလေးနဲ့ ဒီတစ်ပိုင်တစ်နိုင် ရက်ကန်းလုပ်ငန်းလေးကို စခဲ့တာပါ" ဟု မိသားစု တစ်ပိုင်တစ်နိုင် ရက်ကန်းလုပ်ငန်းလေးကို စတင်အကောင်အထည်ဖော်ခဲ့သော ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်းပိုင်ရှင် ဒေါ်မအေးက ပြောသည်။

ရခိုင်ရိုးရာရက်ကန်းလုပ်ငန်းသည် တစ်ခေတ်တစ်ခါက ရိုးရာလက်မှုလုပ်ငန်းများအကြား အောင်မြင်ကျော်ကြားသော မိသားစုလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ နောက်ပိုင်းခေတ်ရေစီးကြောင်းအရ လည်းကောင်း၊ အကြောင်းအမျိုးမျိုးတို့ကြောင့် ရခိုင်လက်မှုလုပ်ငန်းတစ်ခုဖြစ်သော ရိုးရာရက်ကန်းလုပ်ငန်းမှာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်ခဲ့ရသည်။ ယခုအခါ ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်းမှ ပြန်လည်အသက်သွင်းတော့မည်ဖြစ်သည်။ ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်းမှ ဒေါ်မအေးသည် မူလတန်းကျောင်းအုပ်တစ်ဦးဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို ဒေသခံပြည်သူတစ်ဦးပီပီ စိတ်အားထက်သန်သူဖြစ်သည်။ ဝန်ထမ်းဘဝ မိမိလုပ်ငန်းကိုလည်း ထိခိုက်မှုမရှိစေဘဲ မိသားစုတစ်ပိုင်တစ်နိုင် ရခိုင်ချည်ထည်လုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ခဲ့သူဖြစ်သည်။ ဒေသဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကို အထိုက်အလျောက် အကျိုးပြုနိုင်ခဲ့သည်က ဘယ်လိုမှမငြင်းသာ။


ရွှေကျားရခိုင်ရက်ကန်းလုပ်ငန်းခွင်တွင် ရက်ကန်းရက်လုပ်နေစဉ်။

"ကျွန်မတို့ဒေသက အလုပ်အကိုင်အခွင့်အလမ်း တော်တော်လေးရှားပါးတယ်။ ကျွန်မမူလတန်းကျောင်းအုပ်တစ်ယောက် လုပ်ပေးနိုင်တာတစ်ခုအနေနဲ့ ဒီအထည်လေးတွေ ဈေးကွက်ရလာခဲ့ရင် ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းလေးတွေ ပေါများလာမလား။ အဲဒီလို ရည်ရွယ်ချက်နဲ့ ချည်သားစစ်စစ် နှစ် ၈၀/ နှစ် ၁၀၀ ချည်အပေါ်မှာ ရခိုင်ဒီဇိုင်းကို ရက်လုပ်နိုင်ရင်ကောင်းမှာပဲ ဆိုပြီး ခတ်ကြည့်ခဲ့တယ်။ ဒါပေမယ့် အသားကောင်းကောင်း ထွက်မလာဘူး။ အရည်အသွေးမကောင်းတော့ ဈေးကွက်မဝင်ခဲ့ဘူး။ ဒီတော့ လိုအပ်ချက်တစ်ခုခုတော့ရှိနေပြီဆိုတာကိုတွေးမိတယ်။ ဝန်ထမ်းဆိုတော့ အချိန်မရွေးလည်း သွားလို့မရဘူး။ ဒီလိုနဲ့ ကျောင်းပိတ်ရက်ရှည်တွေမှာ အင်းလေး၊ အမရပူရ၊ ရွှေဘို(ဆိတ်ခွန်)၊ ဝမ်းတွင်း အဲဒီဒေသတွေကို သွားကြည့်တဲ့အခါမှာ ဒီလိုလုပ်လို့၊ ဒီလိုအသားမျိုးရတယ်ဆိုတာ ရွှေဘို(ဆိတ်ခွန်)မှာ အဖြေရှာတွေ့ခဲ့တယ်။ အဲဒါနဲ့ ရွှေဘို(ဆိတ်ခွန်)က ဆရာနှစ်ဦးငှားပြီး ရက်ကန်းစင်သုံးစင်နဲ့ အစပြုခဲ့တာပါ" ဟု ဒေါ်မအေးက ပြောသည်။

ရက်ကန်းစင်သုံးစင်နှင့် မိသားစုတစ်ပိုင်တစ်နိုင် အစပြုခဲ့သော ရွှေကျားရခိုင်ထည်လုပ်ငန်းသည် လတ်တလောတွင် ရက်ကန်းစင် ၂၆ စင်၊ ဒေသခံလုပ်သား ၃၀ ကျော်ဖြင့် လုပ်ငန်းများကို လည်ပတ်လျက်ရှိသည်။ ဒေသခံအလုပ်သမားများကို ခေါ်ယူကာ စရိတ်ငြိမ်း ပညာသင်ပေးခဲ့ပြီး တတ်မြောက်လာသော ဝန်ထမ်းများကိုလည်း အထိုက်အလျောက်ဝင်ငွေနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများကို ဒေသခံများအတွက် ဖန်တီးပေးနိုင်ခဲ့သည်။ ယင်းသို့လည်ပတ်ရင်း အခွင့်အခါသင့်သောတစ်နေ့မှာ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရမှ ရခိုင်ပြည်နယ်အတွင်း အထည်ချုပ်စက်ရုံတစ်ရုံတည်ပေးမည့်အစီအစဉ်နှင့်အတူ လက်ရက်ကန်းစင် ၁၀၀ ပါ တစ်ပြိုင်တည်းထောက်ပံ့ပေးမည်ဟူသော အခွင့်အလမ်းကောင်းက ဒေါ်မအေးထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ယင်းသို့ဖြင့် လတ်တလော ဒေသခံ ၃၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းပေးထားနိုင်သော ရွှေကျားရခိုင်ထည်လုပ်ငန်းအား ဒေသဖွံ့ဖြိုးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန် ပြည်ထောင်စုအစိုးရက ရက်ကန်းစင် ၁၀၀ အတွက် ငွေကျပ်သိန်း ၆၀၀၊ ပြည်နယ်အစိုးရက ယင်းရက်ကန်းစင် ၁၀၀ ထားရှိရန်အဆောက်အအုံအတွက် ငွေကျပ်သိန်း ၈၃၀ စုစုပေါင်း ငွေကျပ် ၁၄၃၀ တို့ကို ကူညီထောက်ပံ့ခဲ့သည်။ အဆိုပါ နိုင်ငံတော်က ကူညီထောက်ပံ့ထားသော ငွေများကို လုပ်ငန်းရှင်အနေဖြင့် အတိုးမဲ့ အရစ်ကျပြန်လည်ပေးသွင်းရမည်ဖြစ်သည်။ ယခုအခါ ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်းသည် မိသားစုတစ်ပိုင်တစ်နိုင်မှ ဒေသဖွံ့ဖြိုးမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်း ၁၀၀ ကျော်ဖန်တီးပေးနိုင်မည့် အလတ်စားလုပ်ငန်းအဆင့်သို့ တက်လှမ်းနိုင်တော့မည်ဖြစ်သည်။

လတ်တလော ရွှေကျားရခိုင်ရက်ကန်းထည်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသော ဒေသခံ မချိုမာဝင်းက "ကျွန်မက ပုဏ္ဏားကျွန်းမြို့နယ် ကံဘူးကျေးရွာဇာတိပါ။ ဒီမှာ အလုပ်ဝင်တာ သိပ်မကြာသေးပါဘူး။ အလုပ်ဝင်စ ၁၅ ရက်လောက်ပဲ ဒီရက်ကန်းရက်လုပ်တဲ့ပညာကို သင်လိုက်ရတယ်။ အခုတော့ ကောင်းကောင်း ရက်လုပ်နိုင်ပါပြီ။ ဒီမှာနေရတာ၊ လုပ်ရတာ၊ အစားအသောက်ကအစ အဆင်ပြေပါတယ်။ အရင်ဒီအလုပ် မဝင်ခင်က ရှမ်းပြည်နယ်နယ်စပ် တာချီလိတ်မှာသွားပြီး ဈေးရောင်းတဲ့အလုပ်လုပ်ခဲ့ပါတယ်။ အရင်က ရက်ကန်းဆိုတာပဲ ကြားဖူးခဲ့တာ၊ မြင်တောင်မမြင်ဖူးခဲ့ဘူး။ အခုဆိုရင် စက်ရုံလည်းဖွင့်တော့မယ်ဆိုတော့ ကျွန်မလိုပဲ ဒီဒေသခံတွေ အလုပ်ရကြတော့မှာပါ။ ကျွန်မကတော့ တခြားနယ်တွေမှာ သွားလုပ်တာနဲ့စာရင် ကိုယ့်ဒေသမှာ အခုလို အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာတာ ဝမ်းသားပါတယ်"ဟု ပြောသည်။

ရွှေကျားရခိုင် ရက်ကန်းထည်လုပ်ငန်းသည် အလတ်စားလုပ်ငန်း ရက်ကန်းစက်ရုံအဖြစ် မေ ၇ ရက်တွင် ဖွင့်လှစ်ကာ စတင်လည်ပတ်လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ၁၀၀ ကျော် အလုပ်ပေးနိုင်မည်ဖြစ်ပြီး စတင်အလုပ်ဝင်စတွင် သင်တန်းသား သင်တန်းသူများအား နေထိုင်မှုအစ စရိတ်ငြိမ်း စီစဉ်ပေးသွားမည်ဖြစ်ပြီး တတ်ကျွမ်းအဆင့်ဖြစ်လာပါက အခကြေးငွေ၊ လစာဖြင့် ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးမည့် ပထမဆုံး ရက်ကန်းစက်ရုံကြီး ပေါ်ထွက်လာတော့မည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်အတူ လက်ခတ်သံများ မြိုင်ဆိုင်စွာ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ သို့ဖြစ်၍ တစ်ခေတ် တစ်ခါက ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရခိုင်ရိုးရာ လက်ရက်ကန်းနေရာတွင် အထက်အညာမြေဆီမှ ရက်ကန်းစင် လက်ခတ်သံများ မြန်မာနိုင်ငံ အနောက်ဖျားဆီသို့ အမှန်တကယ်စီးဆင်းလာတော့မည် ဖြစ်ပါကြောင်း. . . . .။ ။



ရခိုင်ရက်ကန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။


ရွှေကျားရခိုင်ရက်ကန်းလုပ်ငန်းမှ ထွက်ရှိသော ရခိုင်ရက်ကန်းထည်များ။

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေကျပ်သိန်း ၈၀၀၀ လက်ခံရရှိ ကျပ်သန်း ၄၀၀၀ ကိစ္စမေးမြန်းထားဆဲ

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဘုန်းမော်ရွှေ ဖျက်သိမ်းပြီးဖြစ်သော မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ရွှေသုခအသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥက္ကဋ္ဌဖြစ်သူဦးကြည်ထွန်းတို့ထံ ငွေကြေးနှင့် ယာဉ်၊စက်ယန္တရားများ ပြန်လည်အပ်နှံရန်ကိစ္စအား သမ္မတရုံးမှ ညွှန်ကြားပြီးနောက်ပိုင်း ဧပြီ ၂၉ ရက်တွင် ယာဉ်နှင့် စက်ယန္တရားများ ပြန်လည်ရရှိခဲ့ပြီး မေ ၄ ရက်တွင် ငွေကျပ်သိန်း ၃၀၀၀ ၊ မေ ၅ ရက်တွင် ငွေကျပ်သိန်း ၅၀၀၀ တို့အား လက်ခံရရှိခဲ့ကြောင်း သိရသည်။

"မနေ့တုန်းက ကြွံခိုင်ရေးကိုပေးခဲ့တဲ့ ငွေကျပ်သန်း ၁၇၀၀ အနက်က ကျပ်သိန်း ၃၀၀၀ ကို မနေ့တုန်းကရပြီ။ ဒီနေ့တစ်ခါ ကျပ်သိန်း ၅၀၀၀ ထပ်ရတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပြောသည်။

ပြည်ထောင်စုအစိုးရညွှန်ကြားချက် အပိုဒ်(က)ပါ ကြံ့ခိုင်ရေးပါတီသို့လှူဒါန်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းပိုင် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံမှ ပထမရစ်အဖြစ် ငွေကျပ်သိန်း ၃၀၀၀ အား မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် MD-021907 သို့ မေ ၄ ရက်က ပေးသွင်းပြီးဖြစ်ကာ အဆိုပါ ငွေကျပ် ၁ ဒသမ ၇ ဘီလီယံမှ ထပ်မံလွှဲပြောင်းပေးအပ်ရန် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျန်ရှိကြောင်း ဝန်ကြီးချုပ်ထံမှ သိရသည်။

ထို့အတူ အကြောင်းကြားချက်အပိုဒ်(ဂ)ပါ ရွှေသုခအသေးစား ငွေရေးကြေးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့သည့် ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်မှ လက်ရှိမကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပြန်လည်လွှဲပြောင်းပေးအပ်သည့် ငွေကျပ် သိန်း ၅၀၀၀ အား MD-021907 သို့ မေ ၅ ရက်က ပေးသွင်းပြီးဖြစ်ကာ အဆိုပါငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံမှ ထပ်မံလွှဲပြောင်းပေးအပ်ရန် ငွေကျပ် ၁ ဒသမ ၀၇ ဘီလီယံကျန်ရှိကြောင်း သိရသည်။

လတ်တလော လွှဲပြောင်းအပ်နှံငွေကြေးကိစ္စများအား ငွေရပြေစာ၊ငွေသွင်းချလန်များနှင့်အတူ ပြည်ထောင်စုအစိုးရထံ တင်ပြထားသည်ဆို၏။

"နှစ်ရက်ပေါင်း သူတို့ကတိပေးထားတဲ့အတိုင်းပဲ သိန်း ၅၀၀၀ တောင်မကပါဘူး။ သိန်း ၈၀၀၀ ပြန်ရပြီ။ ရဖို့ရှိတဲ့ ပမာဏစုစုပေါင်းကတော့ ပြည်ထောင်စုအစိုးရ ညွှန်ကြားတဲ့အတိုင်းဆို ငွေကျပ်သန်း ၃၀၀၀ ကျော်ပါ။ သိန်းပေါင်း သုံးသောင်းကျော်ရရမှာပါ။ စည်းမျဉ်းစည်းကမ်းနဲ့အညီ ဘဏ်မှာထည့်ထားတယ်။ ထည့်ထားပြီးတော့ နှစ်ကုန်ခါနီးလို့ ဖြည့်စွက်ရန်ပုံငွေအတွက် သုံးစွဲဖို့ကိစ္စတွေပေါ်တဲ့အခါမှာတော့ ဒါတွေကို စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆက်သုံးမှာပါ"ဟု ရှေ့လုပ်ငန်းစဉ်အား ဝန်ကြီးချုပ်က ရှင်းပြသည်။




ပြည်သူလူထုက သန်း ၇၄၅၉ ကျော်အနက် ကျန်သန်း ၄၀၀၀ ကို မည်သို့သုံးသည်၊ မည်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် သုံးသည်ဆိုသည်ကို သိချင်နေကြောင်း၊ ပြည်သူလူထုကို ပွင့်ပွင့်လင်းလင်းချပြနိုင်စေရန်အတွက် တိုင်းဒေသကြီး စသုံးလုံးကို မေးထားကြောင်း သိရသည်။

"ပြည်ထောင်စုအစိုးရကစုံစမ်းစစ်ဆေးခိုင်းလို့ အထူးစုံစမ်းစစ်ဆေးရေးကစစ်ဆေးတဲ့အခါမှာ စစ်ဆေးချက်အစီရင်ခံစာကို ပြည်ထောင်စုအစိုးရကို တိုက်ရိုက်အစီရင်ခံတာဖြစ်တယ်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီအစီရင်ခံစာထဲမှာ ဘာတွေပါတယ်ဆိုတာကို မသိဘူး။ ဘာတွေသုံးသလဲ သန်းလေးထောင်နဲ့ပတ်သက်ပြီးတော့ စသုံးလုံးကိုမေးမြန်းဖို့ တိုင်းအစိုးရအဖွဲ့က ဆုံးဖြတ်ပြီးတော့ တိုင်းဒေသကြီးစသုံးလုံးကိုမေးထားပါတယ်"ဟု ဝန်ကြီးချုပ်က ဆိုသည်။

နည်းမျိုးစုံဝေဖန်ခံနေရသည့်ကြားထဲမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြောင်းလဲချက်တစ်ခုကို ဥပမာအဖြစ်ဆိုရလျှင် စည်ပင်အရပ်ရပ်ဆိုင်ရာ လိုင်စင်ကြေးများ ယမန်နှစ်ကထက် ငွေကျပ် သိန်းပေါင်း ၁၉၀၀၀ ကျော်လောက်ပိုရအောင် ကောက်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားခဲ့သည်။

**ဇေယျာတု(မကွေး)**

❑




# ပြစ်ဒဏ်စေ့လွတ်မြောက်လာသည့် တရုတ်နိုင်ငံသား နှစ်ဦးအား ပြည်နှင်လွှဲပြောင်း

**တာချီလိတ် မေ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ တာချီလိတ်လေဆိပ်၌ မေ ၅ ရက်က အကျဉ်းကျခံနေရာမှ ပြစ်ဒဏ်စေ့လွတ်မြောက်လာသည့် ပြည်နှင်တရားခံ တရုတ်နိုင်ငံသား နှစ်ဦးအား တာချီလိတ်လေဆိပ်မှ လေကြောင်းခရီးဖြင့် ခေါ်ဆောင်၍ လားရှိုးလေဆိပ်သို့ ပို့ဆောင်လွှဲပြောင်း ပြည်နှင်ခဲ့သည်။

အဆိုပါ ပြည်နှင်ဒဏ်အမိန့် ရရှိပြီးဖြစ်သော တရုတ်နိုင်ငံသား Mr.Wam Mi Kyone နှင့် Mr.Li Min Kyan တို့နှစ်ဦးအား ကျိုင်းတုံမြို့နယ်ရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးထွန်းရီနှင့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးနိုင်ဝင်းထွန်းတို့က ကျိုင်းတုံအကျဉ်းထောင်မှ ထုတ်ယူ၍ မော်တော်ယာဉ်ဖြင့် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ လည်းကောင်း၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးစိန်လွင်နှင့် အငယ်တန်းစာရေး ဦးမျိုးမြင့်တို့က တာချီလိတ်လေဆိပ်မှ လေကြောင်းခရီးဖြင့် ခေါ်ဆောင်၍ လားရှိုးလေဆိပ်သို့ ဆက်လက်ပို့ဆောင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒုတိယပြည်နယ်ဦးစီးမှူးရုံးရှိ ပြည်နှင်အဖွဲ့ထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံသားနှစ်ဦးသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်အနီးရှိ ငှက်ပျောခြံတွင် ခွင့်ပြုချက် တစ်စုံတစ်ရာမျှ မပါရှိဘဲ တရားမဝင် ဝင်ရောက်နေထိုင်သဖြင့် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ-၃(၁)ကို ကျူးလွန်၍ ယင်းဥပဒေပုဒ်မ - ၁၃(၁)အရ ပြစ်မှုအမှတ်(ပ)၁၁/၂၀၁၆၊ ရာဇဝတ်ကြီးမှုအမှတ်၊ ၃၁/၂၀၁၆ ဖြင့် မိုင်းယောင်းမြို့နယ်ရားရုံးမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်နေ့တွင် ရုံးထုတ်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် ခြောက်လအပြင် ငွေဒဏ် ကျပ် ၂၅၀၀၀၀သိန်း ပေးဆောင်စေပြီး မေ ၅ ရက်တွင် အကျဉ်းကျခံနေရာမှ ပြစ်ဒဏ်စေ့လွတ်မြောက်ခဲ့ကြောင်း သိရသည်။ **(၁၁၁)**

# လိုင်စင်မဲ့အရက်ရောင်းချသူ ကော့မှူးတွင် ဖမ်းဆီး

**ကော့မှူး မေ ၅**

ရန်ကုန်တိုင်းဒေသကြီးကော့မှူးမြို့နယ် ကိုးထောင်ကျေးရွာတွင် တရားမဝင်ယစ်မျိုးအရောင်းဆိုင်များရောင်းချမှုများအား မေ ၄ ရက် မွန်းလွဲပိုင်းက ကန်သုံးကန်ကျေးရွာနေဦးဇော်မင်းထွန်း၏ နေအိမ်ဈေးဆိုင်တွင်လိုင်စင်မဲ့အရက်များရောင်းချနေကြောင်းသတင်းအရ ကန်သုံးကန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ဦးဇော်မင်းထွန်း (၂၇) နှစ်၏ နေအိမ်ဈေးဆိုင်အိမ်ခန်းအတွင်း Grand Royal လေးပက်ပြား ၈၄ ပြား၊ Grand Royal ကတ်ထူစက္ကူဘူးခွံတစ်ခု၊ ပိန်အိတ်တစ်လုံးတို့ကို တွေ့ရှိသဖြင့် ဇော်မင်းထွန်းအား (ပ)၂၃၆/၁၇ (ယစ် ၄၁) ဖြင့်အရေးယူထားကြောင်းသိရသည်။

**ကော့မှူးသားလေး**

# မြေနီကုန်းကျေးရွာ Max ဆီဆိုင်အနီးတွင် ဆီသယ်ယာဉ်တစ်စီးတိမ်းမှောက်

**သထုံ မေ ၅**

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာ Max ဆီဆိုင်အနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် မေ ၅ ရက် နံနက်က ဒီဇယ်နှင့် အောက်တိန်း စက်သုံးဆီ စုစုပေါင်း ဂါလန် ၈၀၀၀ တင်ဆောင်လာသည့် ဆီသယ်ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မနက် ၆ နာရီလောက်က ဖြစ်တာ။ ဆီဘောက်ဆာက တုံးလုံးလဲသွားတာဆိုတော့ ဆီတွေက စိမ့်ထွက်တာရှိတယ်။ နေ့လယ် အပူရှိန်က မြင့်လာတယ်။ ဆီဘောက်ဆာကို အပူရှိန်မတက်အောင်လို့ မီးသတ်ယာဉ်တွေနဲ့ အဆက်မပြတ် ရေဖျန်းပေးနေရတယ်။ အနီးဝန်းကျင်က ပြည်သူတွေကို မီးဘေးနဲ့ အခြားဘေးအန္တရာယ်မဖြစ်အောင် အချိန်မီ လာရောက်ပြီး ဆောင်ရွက်ပေးနေတာပါ။ အခြားထိခိုက် ပျက်စီးတာတော့ မရှိပါဘူး"ဟု သထုံခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် (၁၄၆/၇) နှင့် (၁၄၇/၀) အကြား Max ဆီဆိုင်အနီးတွင် ရန်ကုန်ဘက်မှ သထုံဘက်သို့ ယာဉ်မောင်း ကိုနိုင်(၂၉) နှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ မောင်းနှင်လာသော ဒီဇယ် ဂါလန် ၆၄၀၀ နှင့် အောက်တိန်း ဂါလန် ၁၆၀၀၊ စုစုပေါင်း စက်သုံးဆီ ဂါလန် ၈၀၀၀ တင်ဆောင်လာသည့် ခေါင်းတွဲနံပါတ် YGN 7M/--- Nissan Tractor Head အဖြူရောင် ဆီသယ်ယာဉ်သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ညာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် လူတစ်ဦးတစ်ယောက်မျှထိခိုက်မှုမရှိဘဲ မီးလောင်မှုနှင့် အခြားဘေးအန္တရာယ်များဖြစ်ပွားမှုမရှိစေရေးအတွက် တာဝန်ရှိသူများက အချိန်မီ ကူညီဆောင်ရွက်ခဲ့ကြပြီး ဆီသယ်ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ကိုနိုင်အား သထုံမြို့မ ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**သက်ဦး(သထုံ)**

❖



## ပြည်တွင်းရေးရာ

### ❒ ငလျင်ဒဏ်သင့် ပုဂံစေတီမှ

အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဇဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ အရှင်ဉာဏိဿရက သာဒဏိယ ဩဝါဒ ကထာကို မြွက်ကြားချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ငလျင်ဒဏ်ကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံစေတီပုထိုး ၃၈၉ ဆူ ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း၊ ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံစေတီပုထိုးများကို အရေးပေါ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများ၊ ဒေသခံများ၊ ရဟန်းသံဃာ၊ သီလရှင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသအသီးသီးရှိ ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အရေးပေါ် ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ပြီးစီးခဲ့ပါကြောင်း။

ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ထိန်းသိမ်းရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ လှူဒါန်းငွေ၊ လုပ်အားဒါန ပံ့ပိုးမှုများကြောင့် နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုအစုစုအတွက် အထူးပင်ဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိငလျင်ဒဏ်သင့်ခဲ့သည့် ရှေးဟောင်းအဆောက်အအုံများအား မှတ်တမ်းတင်ပုံထုတ်ခြင်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ကူညီထောက်ပံ့ခဲ့ကြသည့် ပြည်သူများ၊ ရဟန်းသံဃာများ၊ သီလရှင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ ပရဟိတအဖွဲ့များ၊ ပြည်တွင်းပြည်ပပညာရှင်များနှင့် ဌာနလုပ်ငန်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ငလျင်ဒဏ်သင့်စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် FM ပုဂံမိသားစုက ငွေကျပ် ၁၂၆ သိန်းကိုလည်းကောင်း၊ ဦးကျော်မိုးနိုင်နှင့်ဇနီး ဒေါ်ချိုလွင်ဦး (Myanmar Easenet Co., Ltd. နှင့် Krislite Co.,Ltd)တို့က ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ မှတ်တမ်းတင်ပုံထုတ်ခြင်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတကာလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကိုလည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းကြရာ ဒုတိယသမ္မတက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဦးဆောင်ပြုပြင်မွမ်းမံထိန်းသိမ်းမည့် မြစည်းခုံစေတီတော်အတွက် ဦးစိုးပိုင် နှင့်ဇနီး ဒေါ်ခင်မြတ်ဆွေ (Paing Family International Co.,Ltd) က ငွေကျပ် သိန်း ၁၀၀၊ ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ကြည်ဝင်း (အောင်သောင်းကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၁၀၀ နှင့် ဦးအောင်မျိုးမင်းဒင်နှင့် ဇနီးမိသားစု (Amazing Hotel Group)က ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ ငလျင်ဒဏ်သင့်စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဦးမြင့်အောင်နှင့်သား ကိုထွန်းလင်းအောင် (အောင်ဂေဟာ)မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ဦးအောင်မြတ် (Mother Trading and Construction Co.,Ltd) က ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိပစ္စည်းများ၊ ဂျပန်နိုင်ငံရှိ Asia Pacific Ladies Friendship အဖွဲ့နှင့် Ms. Huang Wei တို့က ငွေကျပ် ၅၈ သိန်း၊ ကိုတင်ထွန်းဦး (Trusty Family Co.,Ltd)က ငွေကျပ် သိန်း ၅၀၊ Tharabar Gate Hotel Bagan (Kappa International Ltd)က ငွေကျပ် သိန်း ၅၀၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ ဒေါ်စန်းစန်းကြည်က ငွေကျပ် သိန်း ၅၀၊ MJ Link Company Director Yasunori Suzuki က ငွေကျပ် ၃၂ ဒသမ ၆၄၇ သိန်း၊ ၁၉၈၂ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားကျောင်းသူများက ငွေကျပ် ၃၁ သိန်း၊ ဦးမောင်မောင်ထွန်း (စိတ္တသုခ လူမှုကူညီရေးအသင်း)က ငွေကျပ် ၂၀ ဒသမ ၂ သိန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လက်ခံကြပြီး အလှူရှင်ထံများထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ ဆက်လက်ကျင်းပသည့် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက ပုဂံယဉ်ကျေးမှုနယ်မြေသည် မြန်မာတို့၏ နှလုံးသား၊ မြန်မာနိုင်ငံ၏ အထင်ကရနယ်မြေဖြစ်သည့်အပြင် နိုင်ငံတကာက အထူးစိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ဩဂုတ် ၂၄ ရက်က ရစ်ချ်စတာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းစေတီပုထိုးများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ပထမဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၃၆ ဆူ၊ ဒုတိယဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၅၃ ဆူ၊ တတိယဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၇၆ ဆူနှင့် အသေးစားပြုပြင်ရန် ၂၂၄ ဆူ ရှိပါကြောင်း၊ ယခုအချိန်ကာလတွင် အသေးစားပြုပြင်ရမည့် စေတီပုထိုး ၂၂၄ ဆူအား ပြုပြင်ထိန်းသိမ်းပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပထမဦးစားပေးထဲမှ ခုနစ်ဆူ၊ ဒုတိယဦးစားပေးထဲမှ ၁၁ ဆူ၊ တတိယဦးစားပေးထဲမှ ခုနစ်ဆူကိုလည်း ပြုပြင်ပြီးဖြစ်သည့်အတွက် စုစုပေါင်း ၂၄၉ ဆူ ပြုပြင်ထိန်းသိမ်းပြီး ဖြစ်ပါကြောင်း၊ လက်ရှိပြုပြင်ဆောင်ရွက်ဆဲ ၁၇ ဆူရှိပြီး ဆက်လက်ပြုပြင်ရမည့်စေတီ၊ ပုထိုး ၁၂၃ ဆူ ကျန်ရှိပါကြောင်း။

ပြုပြင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းပြီး လေးနှစ်စီမံကိန်းချမှတ်ကာ နှစ်အလိုက် အဆင့်ဆင့်ကြိုတင်ကာကွယ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် ရေရှည်ကြံ့ခိုင်စေရန်ရည်မှန်းပြီး အချိန်ယူကာ မူလပုံစံအတိုင်း ပြုပြင်ထိန်းသိမ်းရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်သည့်အတွက် ပြုပြင်ထိန်းသိမ်းရန်ကျန်သည့် စေတီပုထိုးများကို လမ်းညွှန်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်းကြရန် အလေးအနက်မှာကြားလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းတွက်ချက်ပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများအတွက် ပြည်တွင်းပြည်ပက အလှူငွေများ ပေးအပ်လှူဒါန်းရာတွင် ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်အထိ မြန်မာငွေကျပ် ၅ ဒသမ ၅၅၃ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့်၊ ထိုင်းဘတ်ငွေ ၁၃၈၂၀၊ စင်ကာပူ ဒေါ်လာ ၇၅၀၂၊ ဂျပန် ယန်း ၃၀၀၀၀ အပါအဝင် တရုတ် ယွမ်၊ မလေးရှား ရင်းဂစ်၊ ကိုရီးယားဝမ်၊ ဥရောပသုံးငွေ ယူရိုတို့ပါ လက်ခံရရှိထားပါကြောင်း၊ ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများပြုပြင်ရန် ယင်းအလှူငွေများကို သတ်မှတ်ဖွဲ့စည်းထားသော ကော်မတီ၏ကြီးကြပ်မှုဖြင့် စနစ်တကျသုံးစွဲနေသည်ကို တွေ့ရပါကြောင်း။

ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက်ပါ UNESCO အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များ၏ အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရှုထောင့်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဦးစားပေးအစီအစဉ်အတိုင်း နှစ်အလိုက် စီမံချက်ချမှတ်ကာ ပြုပြင်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး UNSECO အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ ၂၀၁၇ ခုနှစ်အတွင်း လက်ရှိပြုပြင်ဆောင်ရွက်နေမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဦးစီးကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြုပြင်ရန်ကျန်ရှိသည့် စေတီပုထိုးများ၏ အခြေအနေ၊ နေဝင်/နေထွက် ရှုခင်းကြည့်တောင်ကုန်းနေရာများ သတ်မှတ်ဆောင်ရွက်ထားမှု၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပြန်လည်ဝင်ရောက်ဖူးမြော်ခွင့်ပြုထားသည့် စေတီပုထိုးများစာရင်းနှင့် ဘဏ္ဍာရန်ပုံငွေ သုံးစွဲမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး မကြာမီမိုးရာသီကျရောက်တော့မည်ဖြစ်ကြောင်း၊ ယခုမိုးရာသီတွင် ပျက်စီးမှုများ ထပ်မံမဖြစ်ပေါ်စေရန် စနစ်တကျ ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ဘက်စုံထောင့်စုံစဉ်းစား၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်သည် အချိန်မရွေး ကျရောက်နိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ မိုးရာသီကုန်ဆုံးပါက ပြုပြင်ရန်ကျန်ရှိသော ဘုရား၊ စေတီ၊ ပုထိုးများကိုလည်း ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်း ၅၀ ကို သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်လုပ်ငန်း ၇၃ ခုကို သတ်မှတ်ထားသည့် လေးနှစ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်သွားရန် ပြောကြားသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ တော်ဝင်အိမ်ရှေ့စံ ဝေလမင်းသား ချားစ်နှင့် ကြင်ယာတော်မင်းသမီး ကမ်မီလာတို့ ရင်းနှီးခင်မင်စွာတွေ့ဆုံစဉ်။** (သတင်းစဉ်)

### ❂ ရှေ့ဖုံးမှ

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းတို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလိဇဘတ်နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Buckingham နန်းတော်၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလိဇဘတ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

### ❃ Yangon Water Bus မှ

အပေါ်မှာ သင်္ဘောအမျိုးအစား သုံး၊ လေးမျိုးနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သင်္ဘောတွေကိုလည်း ဩစတြေးလျက ဝယ်ယူထားသလို ထိုင်းနိုင်ငံမှာလည်း ဆောက်လုပ်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း ဆောက်လုပ်နေပါတယ်”ဟု ဒေါ်တင့်တင့်လွင်က ရှင်းလင်းပြောကြားခဲ့သည်။

စတင်ပြေးဆွဲမည့် ခရီးစဉ်တွင် ခရီးစဉ်လမ်းကြောင်းတစ်လျှောက် မှတ်တိုင်များမှာ အင်းစိန်ကြိုးတံတားအနီး၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ လှိုင်ဘူတာရုံလမ်း၊ ကြည့်မြင်တိုင်(ဈေးကြီးတံတား)၊ လသာ (လမ်းသစ်တံတား)၊ ပန်းဆိုးတန်း(နန်းသီတာ)၊ ဗိုလ်တထောင် (တံတားအမှတ်-၄)တို့ဖြစ်ပြီး ဘတ်စ်ကားမှတ်တိုင်များနှင့်လည်း သွားလာမှု အဆင်ပြေအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

“လှိုင်သာယာ-ဗိုလ်တထောင် ခရီးစဉ်က ဘယ် boat နဲ့မဆို ပြေးဆွဲလို့ရပါတယ်။ အခုဩစတြေးလျက ဝယ်ယူထားတဲ့ သင်္ဘောတွေနဲ့ ပြေးဆွဲသွားမှာပါ။ ငမိုးရိပ်ချောင်းကတော့ သဲသောင်တွေရှိတာရယ်၊ သဲသင်္ဘောတွေ ရှိတာရယ်ကြောင့် သင်္ဘောအသေးနဲ့ပဲ ပြေးဆွဲလို့ရပါတယ်။ သန်လျင် star city ဘက်ကို ပြေးဆွဲမယ့်ဟာကတော့ ပင်လယ်ဘက်နဲ့ ကပ်နေတဲ့အတွက် ကမ်းရိုးတန်းပြေးတဲ့ သင်္ဘောမျိုးတွေနဲ့ ပြေးဆွဲမှာပါ”ဟု ဒေါ်တင့်တင့်လွင်က ပြောသည်။

Water Bus ခရီးစဉ်ကို မေလကုန်တွင် စတင်ပြေးဆွဲနိုင်ရန် လျာထားသော်လည်း လာမယ့်ဇွန်လအတွင်းမှ ပြေးဆွဲမည်ဖြစ်ကာ နံနက် ၆ နာရီခန့်မှ ညနေ ၆ နာရီခွဲခန့်အထိ သင်္ဘောတစ်စင်းနှင့်တစ်စင်း မိနစ် ၂၀ စီ ခြားပြီး ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း သိရသည်။ ကနဦးအနေဖြင့် လက်မှတ်စနစ်ပုံစံပြေးဆွဲသွားမည်ဖြစ်ကာ ဆက်လက်၍ ကတ်စနစ်၊ မိုဘိုင်းဆော့ဖ်ဝဲကတစ်ဆင့် လက်မှတ်ဝယ်ယူသည့်စနစ်၊ အွန်လိုင်းလက်မှတ်ဝယ်စနစ်၊ ငွေပေးချေစနစ်ကို တိုးချဲ့သွားမည်ဟု သိရသည်။

Water Bus ခရီးစဉ်များနှင့် ပတ်သက်၍ ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချစွာဖြင့် သွားလာနိုင်ရေးကို အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က အဓိကထား ကြပ်မတ်ကာ ဆောင်ရွက်စေလျက်ရှိပြီး ကုမ္ပဏီမှလည်း ယင်းအချက်ကို အလေးထားဆောင်ရွက်ကာ ဟန်ဂေရီနိုင်ငံတွင် အသုံးပြုနေသည့် ဂျီပီအက်စ်စနစ်ကို အသုံးပြု၍ ထိန်းချုပ်စင်တာမှတစ်ဆင့် သင်္ဘောမောင်းသူများ သတ်မှတ်ထားသည့် အရှိန်ထက် ပိုမောင်းခြင်းများသတိပေးခြင်း၊ သင်္ဘောအန္တရာယ်တစ်ခုခု ကြုံပါက ကူညီကယ်ဆယ်ရေးများ လုပ်ဆောင်နိုင်ရန် ပြင်ဆင်ထားခြင်းစသည်တို့ကို GPS စနစ်ဖြင့် ထိန်းချုပ်သွားမည်ဟု သိရသည်။

အဆိုပါ ခရီးစဉ်၏ ယာဉ်စီးခအနေဖြင့် ခရီးသည်တစ်ဦးလျှင် ခရီးစဉ်အစအဆုံးကို ငွေကျပ် ငါးရာနှုန်း သတ်မှတ်ထားပြီး လက်ရှိတွင် ဩစတေးလျ၊ ထိုင်းနှင့် ပြည်တွင်းတွင် မှာယူတည်ဆောက်ထားသော သင်္ဘောအစင်း ၂၀ ရှိကာ ၁၆ စင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်သည်။

သင်္ဘောအမျိုးအစားအလိုက် သင်္ဘောအကြီးတွင် ခရီးသည် ၁၆၀ မှ ၂၀၀၊ သင်္ဘောအသေးတွင် ခရီးသည် ၆၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြစ်တွင်းသွား ရေကြောင်းပို့ဆောင်ရေးကို ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့ဖူးပြီး ခရီးသည်နည်းပါးမှုကြောင့် အောင်မြင်မှုမရခဲ့ဘဲ ရပ်နားခဲ့ရသည်။ ယခုဖော်ဆောင်မည့်အစီအစဉ်ကို မြန်မာပိုင် ပုဂ္ဂလိကကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုဖြင့် ပြည်ပအတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်များအား ငှားရမ်းခန့်အပ်ကာ နိုင်ငံတကာ မြစ်ကြောင်းသွား ခရီးစဉ်များကဲ့သို့ ဆောင်ရွက်သွားမည်ဟု အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

**(ဆုနှင်းလှဲ့)**

# တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး ပူးပေါင်း၍ အများပြည်သူ အသုံးပြုသည့်နေရာများတွင် မိုင်းစတင်ရှင်းလင်းမည်

**ရန်ကုန် မေ ၅**

ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၀)ကြိမ်မြောက် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပခဲ့ပြီး JMC နှင့် ပတ်သက်သည့် ကိစ္စရပ်များစွာကို ဆွေးနွေးနိုင်ခဲ့သည်။

မေ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည့် JMC-U ၏ သုံးရက်တာအစည်းအဝေးတွင်JMC ၏ လုပ်ငန်းစဉ် (SoP)၊ ရပ်ကွက်၊ ကျေးရွာများတွင်စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံများ၏ လုပ်ငန်းလမ်းညွှန်အား ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-L ဖွဲ့စည်းရေးကိစ္စ၊ မိုင်းရှင်းလင်းရေးကိစ္စ၊ နှစ်ဖက်တပ်များအကြား နယ်မြေပိုင်းခြားသတ်မှတ်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S ရုံးများတိုးချဲ့ရန်နှင့် ဝန်ထမ်းများတိုးမြှင့်ခန့်ထားနိုင်ရေးတို့နှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် JMC-U အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့ပြီး ယခုပြုလုပ်သည့် အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင်များလည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား JMC-U သုံးရက်တာအစည်းအဝေးနှင့် ပတ်သက်၍ ရှင်းပြခဲ့ပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ဗိုလ်မှူးကြီးဝဏ္ဏအောင်ဖြေကြားခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**မိုင်းရှင်းလင်းရေးအတွက်ဆောင်ရွက်သွားမည့်ပုံစံ**

မိုင်းရှင်းလင်းရေးဆောင်ရွက်မယ်ဆိုတာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မှာပါတဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိုင်းရှင်းလင်းရေးကို ကရင်ပြည်နယ်မှာ လုပ်ဖို့အတွက် KNU (ကရင်အမျိုးသားအစည်းအရုံး)နဲ့ ညှိနှိုင်းနေပါတယ်။ KNU အဖွဲ့အနေနဲ့ကလည်း ပြန်လည်ညှိနှိုင်းပြီး ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာကို တပ်မတော်နဲ့ ပြန်ညှိနှိုင်းပါမယ်။ တပ်မတော်သဘောထားက တစ်ဖက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေပဲ မိုင်းတွေထောင်ထားတာဖြစ်တဲ့အတွက် နှစ်ဖက်ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ပကနေ အကူအညီပေးချင်ရင်တော့ ကျွန်တော်တို့ နည်းပညာယူမယ်။ အထောက်အကူပြုပစ္စည်းတွေ ယူပါမယ်။

အခုလုပ်တဲ့ အစည်းအဝေးမှာတော့ JMC-S အဖွဲ့တွေလည်း တက်ရောက်ပြီး JMC-S အဖွဲ့တွေဘက်ကနေ မြိတ်ဆိုရင်လည်း မိုင်းနဲ့ ပတ်သက်ပြီး ဖြစ်စဉ်မရှိဘူး။ နောက် မွန်ပြည်နယ်မှာလည်း မိုင်းနဲ့ ပတ်သက်တဲ့ဖြစ်စဉ်မရှိဘူး။ မိုင်းလည်းမရှိဆိုပြီး ပြောတာရှိပါတယ်။ ဒါကြောင့် ရှင်းလင်းမယ်ဆိုရင် ကရင်ပြည်နယ်ဘက်ကိုပဲ စရှင်းဖို့ လျာထားပါတယ်။ နှစ်ဖက်စလုံး မိုင်းရှင်းလင်းရေးကို လုပ်မယ်ဆိုတဲ့ ဆန္ဒရှိနေပါတယ်။ မိုင်းရှင်းတဲ့နေရာမှာ ပြည်သူလူထုအတွက် ရည်ရွယ်ပြီး ရှင်းဖို့ပါ။ အများပြည်သူ အသုံးပြုတဲ့ လမ်းတွေ ၊ ကျောင်း၊ ဈေး စတဲ့နေရာတွေမှာ ရှင်းမှာပါ။ ကျွန်တော်တို့ နှစ်ဖက်စလုံး ယုံကြည်မှု တည်ဆောက်ပြီး မိုင်းရှင်းလင်းရေးကိစ္စကို ဆောင်ရွက်မှာပါ။ စတင်ရှင်းမယ်ဆိုကတည်းက စစ်ရေးဆိုင်ရာ လုံခြုံရေးအရ တပ်စခန်းတွေမှာ ရှင်းဖို့တော့ လတ်တလော မရှိသေးပါဘူး။ နှစ်ဖက် ယုံကြည်မှုတွေ ဒီထက်မက ရှိလာပြီ၊ ယုံကြည်မှု ပြင်းထန်လာပြီဆို ကျန်တာက ဒုတိယအဆင့် ဆက်သွားမှာပါ။

**လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)အတည်ပြုနိုင်**

လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုတာ JMC လုပ်ငန်းတွေအပေါ်မှာ နှစ်ဖက်ဆုံးဖြတ်ပြီး ဆောင်ရွက်တဲ့ လုံခြုံရေးဖြစ်ပါတယ်။ JMC မှာ ရုံးတွေရှိပါတယ်။ ပြည်ထောင်စုအဆင့်ရုံး JMC-U၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် JMC-S ၊ နောက်ဒေသဆိုင်ရာ JMC-L ရုံးတွေ ရှိပါတယ်။ ရုံးပရဝဏ်နဲ့ ရုံးဝန်ထမ်းတွေရဲ့ လုံခြုံရေး၊ စိစစ်အတည်ပြုရေးအဖွဲ့နဲ့သွားပြီး စိစစ်အတည်ပြုမယ်ဆိုရင် စိစစ်အတည်ပြုမယ့် အဖွဲ့တွေရဲ့ လုံခြုံရေး၊ နောက် ပူးတွဲနယ်လှည့်စောင့်ကြည့်ခြင်းလုပ်မယ့် Joint အဖွဲ့တွေပါ။ ပူးတွဲနယ်လှည့် စောင့်ကြည့်တဲ့အခါ ဘယ်လိုလုံခြုံရေးတွေနဲ့ ပူးတွဲနယ်လှည့် စောင့်ကြည့်ရမယ်ဆိုတာကို လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲထားတာ ဖြစ်ပါတယ်။



JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်

**နယ်မြေသတ်မှတ်ရေးနဲ့တပ်နေရာချထားရေးကိစ္စ**

တပ်နေရာချထားရေးဆိုတာကတော့ ကျွန်တော်တို့ JMC-U ကနေ မူဝါဒ ချမှတ်ပေးပြီးဖြစ်ပါတယ်။ ဒါကို JMC-S ထဲမှာပဲ စတင်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ JMC-S က အောက်ခြေအထိ လက်တွေ့လုပ်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။ မြေပြင်မှာဆိုလည်း JMC-S က လုပ်ရတာဆိုတော့ JMC-S ကနေဆွေးနွေးပြီးတော့ JMC-U ကိုတင်ပြပြီး ဆောင်ရွက်ဖို့ ဒီတစ်ခေါက် အစည်းအဝေးမှတ်တမ်းမှာ ထည့်လိုက်ပါတယ်။

တပ်မတော်နဲ့ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) က ၂၀၁၂ခုနှစ် ပြည်ထောင်စုငြိမ်းချမ်းရေး ကျိုင်းတုံစာချုပ်ကို ချုပ်ဆိုထားပါတယ်။ ဒါဟာ တပ်မတော်က RCSS နဲ့ပတ်သက်ပြီး နှစ်ဦးသဘောတူချုပ်ထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒါကြောင့် လတ်တလော နယ်မြေနဲ့ပတ်သက်ရင် ဒါကို အခြေခံပြီးတော့ပဲ တပ်မတော်အနေနဲ့ ဆုံးဖြတ်တာ ဖြစ်ပါတယ်။ ကျိုင်းတုံစာချုပ်မှာက သတ်မှတ်ထားတဲ့ နယ်မြေမှာနေဖို့ စာချုပ်ပါအတိုင်း လိုက်နာဖို့ ပြောပြခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိမှာ အကြောင်းကြားစာ၊ တိုင်ကြားစာတွေ ပေးပို့ပြီးတော့ပဲ ညှိနှိုင်းဆောင်ရွက်နေကြပါတယ်။

**နယ်ခြားစောင့်တပ်(BGF) နှင့် ပြည်သူ့စစ်ကိစ္စ**

နယ်ခြားစောင့်တပ်(BGF) နှင့် ပြည်သူ့စစ်ကိစ္စကို တပ်မတော်ရဲ့ ဖွဲ့စည်းမှုအောက်မှာရှိတဲ့အတွက် စိုးရိမ်စရာ မရှိပါဘူး။ NCA ပါစာချုပ်အချက်အလက်တွေအတိုင်း လိုက်နာဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ BGF ဆိုတာ တပ်မတော်ကွပ်ကဲမှုအောက်က အဖွဲ့အစည်းတွေ ဖြစ်တဲ့အတွက် စစ်စည်းကမ်းတွေအတိုင်း လိုက်နာကျင့်ကြံနေထိုင်ရမှာ ဖြစ်ပါတယ်။ တပ်ပိုင်းဆိုင်ရာအတိုင်း မလိုက်နာရင်တော့ စစ်စည်းကမ်းနဲ့အညီ အရေးယူရမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေး တက်ရောက်ရေးကိစ္စ**

NCA လက်မှတ်မရေးထိုးခင်ကတည်းက NCA ဖြစ်ပေါ်လာအောင် ညှိနှိုင်းဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်။ အဲဒီအဖွဲ့တွေကိုသာလျှင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေအဖြစ် သတ်မှတ်မှာ ဖြစ်ပါတယ်။ NCA ဖြစ်ပေါ်လာပြီးနောက်ပိုင်းမှ အဖွဲ့အစည်းတွေကနေ ခွဲထွက်လာတဲ့ ဘယ်ခွဲထွက်အဖွဲ့ကိုမဆို အဖွဲ့အစည်းအဖြစ် သတ်မှတ်မှာ မဟုတ်ပါဘူး။

**ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-L ဖွဲ့စည်းရေးကိစ္စ**

JMC-L ကို လက်နက်ကိုင်ပဋိပက္ခ အများဆုံးဖြစ်နိုင်တဲ့ နေရာတွေမှာ ရွေးချယ်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ရှမ်း၊ ကရင်နဲ့ ပဲခူးတို့မှာ တစ်နေရာစီရွေးချယ်မှာပါ။ ရှမ်းဆိုလင်းခေး၊ ကရင်ဆို ဖာပွန်လိုနေရာ၊ ပဲခူးမှာဆို ဘောဂလိမြို့ လိုနေရာတွေပါ။ ဒါက လျာထားတာပါ။ ဒီနေရာမှာ JMC-L ဖွဲ့ရင် အကောင်းဆုံးဖြစ်မလား။ ပစ်ခတ်တိုက်ခိုက်မှုတွေ လျော့နည်းဖို့အတွက် JMC-S ဆက်လက်စဉ်းစားဆုံးဖြတ်မှာပါ။ ဒါတွေက လတ်တလော လျာထားတာပါ။

**ရပ်ကွက်၊ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စ**

ဒေသခံစောင့်ကြည့်သူဆိုတဲ့အတိုင်း အပစ်အခတ်ရပ်စဲရေးကို သူတို့က နှစ်ဖက်အဖွဲ့ကြားမှာ စောင့်ကြည့်ရမယ့်သူတွေဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဒေသခံ ရွာသားဖြစ်မှ၊ အဲဒီဒေသမှာ နေထိုင်သူဖြစ်မှ သူ့ဒေသကို စောင့်ကြည့်နိုင်မှာ ဖြစ်ပါတယ်။ ဒေသခံသာလျှင် ဒေသခံစောင့်ကြည့်သူ စေတနာ့ဝန်ထမ်း (Volunteer) သာ လုပ်လို့ရပါတယ်။ ဒါကို JMC-S က အသိအမှတ်ပြုမှသာ ဒေသခံစောင့်ကြည့်သူအဖြစ် သတ်မှတ်မှာပါ။ အဲဒီလို စောင့်ကြည့်ဖို့အတွက်လည်း ဘာတွေစောင့်ကြည့်ရမယ်ဆိုတာ သင်ရိုးညွှန်းတမ်း (Curriculum) ဆွဲပြီး အသိပညာပေးပြီးမှ ဆောင်ရွက်ခိုင်းမှာပါ။ ဒါမှ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (COC) ဆိုတာဘာ၊ NCA ဘာဆိုတာကိုသိမယ်။ သိမှလည်း ဘယ်သူက ဘာကိုချိုးဖောက်နေသလဲဆိုတာ သိနိုင်မယ်။ သင်တန်းတွေပေးမယ်လို့ စီစဉ်ထားပြီးပါပြီ။ ရပ်ကွက်၊ကျေးရွာများ ဒေသခံစောင့်ကြည့်သူက ဒေသအဆင့် JMC-L ဖွဲ့ပြီးတာနဲ့ တွဲပါလာမှာပါ။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# (၇၁) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ရန်ကုန်မြို့၌ စည်ကားစွာကျင်းပ

**ရန်ကုန် မေ ၅**

(၇၁) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်၏ ထုတ်ကုန်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှတားဆီးကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်နှင့် ရုတ်တရက် ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်များကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ရန်စသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ယခု (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့မှာ မြို့ပြမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်တစ်ယောက်တွင် ရှိရမည့် စွမ်းဆောင်ရည်၊ နည်းပညာကျွမ်းကျင်မှု ၊ ကြံ့ခိုင်သန်စွမ်းမှု၊ စိတ်ဓာတ်မာကျောမှုများကို စွမ်းဆောင်ပြနိုင်ခြင်းဟာလည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်ဆိုတာ ထင်ရှားစေပါကြောင်း၊ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ ပြောင်းလဲဖွံ့ဖြိုးတိုးတတ်လာတဲ့ အခြေအနေတွေကို ကြိုတင်မျှော်မှန်းပြီး မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ (Command & Control Center) ကို တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် မီးလောင်သည့်နေရာကို ကိုယ်တိုင်ရောက်ရှိနေသလို အချိန်တိုအတွင်း အမိန့်ပေးစနစ်ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဒါဟာနည်းပညာအကူအညီနှင့် အလွန်ထိရောက်မှုရှိပြီး ပြည်သူရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကိုစောင့်ရှောက်ပေးရာမှာ အားရကျေနပ်စရာကောင်းလှပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်တစ်ယောက်၏ စိတ်ဓာတ်သည် လိုအပ်လာလျှင် ပြည်သူ့အတွက် ခိုင်မာပြတ်သားဖို့လိုကြောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သူရဲကောင်း အဆက်ဆက်ရေးထိုးခဲ့သည့် သမိုင်းကြောင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကြပြီး မီးသတ်သမားကောင်းတစ်ယောက်မှာ ရှိရမည့် ခိုင်မာတည်ကြည်သောစိတ်ဓာတ်၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု၊ အတွေ့အကြုံရင့်ကျက်မှု၊ နည်းပညာကြွယ်ဝမှုတို့နှင့် ပြည်သူကို အလုပ်အကျွေးပြုကြဖို့လိုကြောင်း၊ နိုင်ငံတကာမှာပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းဆိုင်ရာ နည်းပညာရပ်များကိုလည်း မျက်ခြည်မပြတ်လေ့လာဆည်းပူးပြီး မိမိနိုင်ငံသားတို့အတွက် ပြန်လည်အသုံးချကာ စွမ်းဆောင်ကြဖို့လိုကြောင်း၊ အထူးသဖြင့်မီးသတ်သမားတစ်ယောက်၏ နှလုံးအိမ်တွင်ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ ဘေးဒုက္ခအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသူတိုင်းကို မိမိတို့အသက်၊ ခန္ဓာ အရင်းတည်ပြီး ကူညီ၊ ကယ်တင်ရသောကြောင့် မွန်မြတ်သည့်နှလုံးသားပိုင်ရှင် တပ်ဖွဲ့ဝင်များဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် စစ်ရေးပြတပ်ဖွဲ့များနှင့် မီးသတ်ယာဉ်များက ပြည်ထောင်စုဝန်ကြီးအား ချီတက်အလေးပြုကြပြီးနောက် အစီအစဉ်အရ မီးသတ်တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်းစွမ်းရည် (Brave Heart) နှင့် ယာဉ်မတော်တဆမှု ဖြစ်စဉ်တွင် အဖွဲ့လိုက် ကယ်ဆယ်ရေးစွမ်းရည် (Rip it Off) ပြိုင်ပွဲများတွင် နေပြည်တော် အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကိုယ်စားပြုအသင်းများဖြစ်သည့် ဥတ္တရအသင်း၊

စာမျက်နှာ ၁၀ သို့



တပ်သား အောင်ထက်ပိုင်



ဦးအောင်ဆွေဝင်း



ဦးမြင့်ဦး



ဦးထွန်းမျိုးလွင်

# ဘူးသီးတောင်မြို့ ကန်တော်ကြီးရေပိုက်လိုင်းများ အစားထိုးလဲလှယ်/တိုးချဲ့သွယ်တန်းမည်

**ဘူးသီးတောင် မေ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ပေါ်နေ ပြည်သူများအား ရေပေးဝေလျက်ရှိသော အမှတ်(၅)ရပ်ကွက်အတွင်းရှိ ကန်တော်ကြီးမှ ရေပိုက်လိုင်းများကို အစားထိုးလဲလှယ်မှုများနှင့် တိုးချဲ့သွယ်တန်းခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်ဘတ်ဂျက်ငွေမှ သုံးစွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ဘူးသီးတောင်မြို့ အမှတ် (၅)ရပ်ကွက်ရှိ ကန်တော်ကြီးမှ မြို့တွင်းရပ်ကွက် ခုနစ်ခုသို့ နေ့စဉ်ရေပေးဝေလျက်ရှိရာ ယခုနှစ်တွင် ရေပိုက်လိုင်းအစားထိုး လဲလှယ်မှုလုပ်ငန်းများနှင့်အတူ ပြည်သူများရေလိုင်းတိုးချဲ့ပေးဝေရန် တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းများကို တစ်ပါတည်းလုပ်ဆောင်သွားရန် မြို့နယ်စည်ပင်သာယာအနေဖြင့် စီစဉ်လျက်ရှိသည်။

"အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ သုံးလပတ်အလိုက် ဆောင်ရွက်မယ့် ငွေလုံးငွေရင်းလုပ်ငန်းတွေကို တစ်ပိုင်းချင်းစီ ကန့်သတ်လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ဥပမာ ဒုတိယသုံးလပတ်ထဲမှာဆို ကျွန်တော်တို့ ဘူးသီးတောင်မြို့ ကန်တော်ကြီးကနေ ရပ်ကွက်ခုနစ်ခုကို နေ့စဉ်ရေပေးနေတာတွေရှိပါတယ်။ အဲဒီမှာ ကန်တော်ကြီး အမှတ်(၁)နဲ့ အမှတ်(၂)က ရေပိုက်လိုင်းတွေကို အစားထိုးလဲလှယ်ပေးဖို့ရှိပါတယ်။ ဒီမှာက ရေပိုက်လိုင်းအများဆုံး ချို့ယွင်းမှုဖြစ်တာကတော့ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ အဖြစ်များပါတယ်။ အဲဒီအချိန်မှာ ပိုက်လိုင်းတွေပေါက်ပြဲတာတို့၊ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ဆို့မှုတို့ဖြစ်ခဲ့ရင် အစားထိုးပြုပြင်လဲလှယ်ပေးရပါတယ်။ ဒါ့အပြင် သုံးစွဲရေလိုအပ်တဲ့ ရပ်ကွက်အချို့ကိုလည်း ရေပိုင်လိုင်းသစ်တွေ ထပ်မံတိုးချဲ့သွယ်တန်းပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဦးအောင်မိုးဦးက ပြောသည်။

ယခုအခါ ဘူးသီးတောင်မြို့တွင် ရပ်ကွက် ခုနစ်ခုရှိပြီး အဆိုပါရပ်ကွက်အားလုံးရှိ အိမ်ခြေ ၁၈၄ အိမ်နှင့် ရေစုကန် ၁၄ ကန်တို့အား မြို့နယ်စည်ပင်သာယာက ဦးစီးကာ ပြည်သူများနေ့စဉ် ရေသုံးစွဲနိုင်ရေး အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိသည်။ မြို့နယ်စည်ပင်သာယာ ရေပေးဝေရေးအဖွဲ့အနေဖြင့် နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီအထိ တစ်ကြိမ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ ညနေ ၄ နာရီမှ ညနေ ၆ နာရီအထိတစ်ကြိမ် အလှည့်ကျစနစ်ဖြင့် ပြည်သူများရေသုံးစွဲမှုအဆင်ပြေစေရန် ပေးဝေလျက်ရှိသည်။ ထို့အပြင် ယခုနှစ်တွင် ပြည်သူများအပြည့်အဝ ရေပိုမိုသုံးစွဲနိုင်ရန် လိုအပ်လျက်ရှိသော ရပ်ကွက်များကို ရေပိုက်လိုင်းပေတစ်ထောင်ကျော်ကိုလည်း အသစ်ထပ်မံတိုးချဲ့သွယ်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဘူးသီးတောင်မြို့ပေါ်ရှိရပ်ကွက်များသို့ ဖြန့်ဝေလျက်ရှိသော ကန်တော်ကြီး ရေကန်ကို တွေ့ရစဉ်။

**သတင်း-မောင်စိန်လွင်၊ လှကျော်(ဘူးသီးတောင်)၊ ဓာတ်ပုံ-မောင်မောင်သန့်**

# ဘူးသီးတောင်မြို့၌ ပြည်သူများအပန်းဖြေရန် ခေတ်မီပန်းခြံသစ်တစ်ခု စတင်အကောင်အထည်ဖော်

**ဘူးသီးတောင် မေ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်ရှိ ယခင် ဘူးသီးတောင် ကန်တော်ကြီးဥယျာဉ်နေရာကို ယခုအခါ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် ခေတ်မီပန်းခြံသစ်တစ်ခု စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ ဘူးသီးတောင်မြို့မှာ မြို့အင်္ဂါရပ်နဲ့အညီ ပြည်သူတွေ အပန်းဖြေအနားယူနိုင်ဖို့ ခေတ်မီပန်းခြံသစ်တစ်ခု စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အရင်က ဒီဘူးသီးတောင်မြို့မှာ ဘာပန်းခြံမှမရှိခဲ့ပါဘူး။ ကန်တော်ကြီး ဥယျာဉ်ရယ်လို့တော့ရှိခဲ့တယ်။ အခုတော့ အဲဒီနေရာကို ကျွန်တော်တို့ မြို့နယ်စည်ပင်ကနေ ဦးဆောင်ပြီးတော့ ပြည်သူတွေအပန်းဖြေအနားယူဖို့ ခေတ်မီပန်းခြံသစ်တစ်ခုကို စတင်လုပ်ဆောင်နေပါပြီ"ဟု မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးအောင်မိုးဦး(အငယ်တန်းအင်ဂျင်နီ ယာ-၃၊ မြို့ပြ)က ပြောသည်။



အသစ်ပေါ်ပေါက်လာတော့မည့် ဘူးသီးတောင်မြို့၏ ခေတ်မီပန်းခြံသစ်နေရာကိုတွေ့ရစဉ်။

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာအနေဖြင့် ယခု အကောင်အထည်ဖော်မည့် ပြည်သူများ အပန်းဖြေအနားယူနိုင်သော ခေတ်မီပန်းခြံကို အမှတ်(၅)ရပ်ကွက် ကန်တော်ကြီးအနီး ယခင် ကန်တော်ကြီးဥယျာဉ်နေရာတွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး နှစ်ဧကကျော် ကျယ်ဝန်းမည်ဖြစ်သည်။ အဆိုပါပန်းခြံကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်ငွေလုံးငွေရင်း လုပ်ငန်းအောက်အသုံးစရိတ်အနေဖြင့် ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး လတ်တလောခန့်မှန်းကုန်ကျငွေကျပ် သိန်းပေါင်း ၂၀၀ ကျော် အသုံးပြုသွားရန် လျာထားကြောင်း သိရသည်။

"အဒေါ်တို့မြို့မှာ အဒေါ်တို့ငယ်ငယ်ကတော့ ကျောင်းပြန်လို့ကစားတဲ့နေရာဆို ကန်တော်ကြီးဘက်၊ ကန်တော်ကြီးဥယျာဉ်ဘက်ကိုတော့ တစ်ခါတစ်ရံ သူငယ်ချင်းတွေနဲ့ ဆော့ကစားဖြစ်ခဲ့တယ်။ အဲဒါကလည်း အဒေါ်ငယ်ငယ်ကတည်းကဆိုတော့ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ နောက်ပိုင်းတော့ အဲဒီနေရာမှာစပါးတွေစိုက်ကြ၊ အခြားသီးနှံတွေစိုက်ကြနဲ့ ကန်တော်ကြီးဥယျာဉ်ရယ်လို့ မရှိခဲ့တော့တာပဲ။ ပြည်သူတွေအပန်းဖြေဖို့ အခုလို ပန်းခြံသစ်တစ်ခု အဲဒီနေရာမှာ ပြန်ပြီးအကောင်အထည်ဖော်မယ်ဆိုတော့ အဒေါ့်အနေနဲ့ကတော့ ဝမ်းသာတယ်။ တကယ်လည်းမြို့တစ်မြို့အင်္ဂါရပ်နဲ့အညီ အပန်းဖြေပန်းခြံတစ်ခုဟာ ရှိသင့်တာကြာပါပြီ"ဟု အဆိုပါကန်တော်ကြီး ဥယျာဉ်အနီး အမှတ်(၅)ရပ်ကွက်တွင်နေထိုင်သော ဒေါ်သာစံနုက ပြောသည်။

ယခု အကောင်အထည်ဖော်မည့် ကန်တော်ကြီးခေတ်မီပန်းခြံသစ်တွင် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ထိုင်ခုံအရေအတွက် ၅၀ ကျော်၊ ပန်းအလှပင်များနှင့် အရိပ်ရအပင်များ၊ ဒန်း၊ လျှော စသည့် ကလေးများ ဆော့ကစားနိုင်ရန် ကလေးကစားကွင်းနေရာများ ထည့်သွင်းသွားမည်ဖြစ်ပြီး ယခုနှစ် စတုတ္ထလေးလပတ်တွင်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်၊ လှကျော်(ဘူးသီးတောင်)**
**ဓာတ်ပုံ-မောင်မောင်သန့်(ကြေးမုံ)**

■

**❂ ၂၀၁၇ အာရှဖိတ်ခေါ်မှ**

တက်ရောက်ခဲ့ပြီး ဗိုလ်လုပွဲတွင် ထိုင်းအသင်းက ၂၈၄-၂၅၂ မှတ်ဖြင့် အနိုင်ရကာ ရွှေတံဆိပ်ရရှိခဲ့သည်။ မြန်မာ (ခ) အသင်းမှာ တတိယကြေးတံဆိပ်ဆုရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပထမဆုရ ထိုင်းအသင်း၊ ဒုတိယဆုရ မလေးရှားအသင်းနှင့် တတိယဆုရ မြန်မာ(ခ)အသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး (ဒု-ဥက္ကဋ္ဌ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်)၊ အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးကျော်မင်းထွန်း၊ အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့်တို့က ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင် မြန်မာမှ(က)နှင့် (ခ)အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်လျက်ရှိပြီး မေ ၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲ ဒုတိယနေ့ကို မေ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး Event-2 ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး မြန်မာခြင်းလုံး အားကစားဝါသနာရှင်များ လာရောက်အားပေးနိုင်ကြောင်း သိရသည်။

**(ချစ်ကိုကို)**

**✻ ကျောဖုံးမှ**

ရန်ကုန်အသင်းက ၃၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၂၄ မှတ်၊ ဧရာဝတီအသင်းက ၁၈ မှတ်၊ ရခိုင်နှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ မကွေးအသင်းက ၁၃ မှတ်၊ GFA နှင့် နေပြည်တော်အသင်းတို့က ကိုးမှတ်စီ၊ Southern နှင့် ဟံသာဝတီအသင်းတို့က ရှစ်မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ခုနစ်မှတ် ရရှိထားသည်။ ပထမအကျော့ကာလတွင် Title Sponsor မရရှိခဲ့သည့် MNL အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယအကျော့မစတင်မီ Title Sponsor ရရှိခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ပိုင်ဆိုင်သည့် Max Cement ကုမ္ပဏီက ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲကို ပထမအကျော့အပြီးတွင် တစ်လနီးပါးရပ်နားထားခဲ့ပြီး မေလဆန်းပိုင်းမှစ၍ ပြန်လည်ကျင်းပမည်ဖြစ်သည်။ ရာသီဝက်အပြောင်းအရွှေ့ကာလမှာလည်း ဖွင့်လှစ်ထားရာ ကလပ်အသင်းအချို့မှာ လိုအပ်သည့်နေရာများအား ကစားသမားသစ်များအင်အားဖြည့်တင်းလျက်ရှိသလို ခြေစွမ်းမပြနိုင်သည့် နိုင်ငံခြားသား ကစားသမားများလည်း လဲလှယ်လျက်ရှိသည်။

ရာသီဝက်ချန်ပီယံ ရန်ကုန်အသင်းအတွက် ယခုကာလမှာ ချန်ပီယံဆုအတွက် အရေးပါလျက်ရှိပြီး အသင်းကြီးများနှင့် အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပွဲစဉ် (၁၂)တွင် ဧရာဝတီအသင်း၊ ပွဲစဉ်(၁၅)တွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့နှင့် အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာလည်း ပွဲကျပ်များ ဆက်တိုက်ကစားရမည်ဖြစ်ပြီး မကွေး၊ ဇွဲကပင်၊ ဧရာဝတီ၊ ရန်ကုန်တို့နှင့် ဆက်တိုက်ကစားရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

**✻ စာမျက်နှာ ၉ မှ**

မဖ္ဖိမအသင်းနှင့် ဒက္ခိဏအသင်းတို့က စုဖွဲ့၍ တစ်ဦးချင်းစွမ်းရည်နှင့် အဖွဲ့လိုက်စွမ်းရည်များ ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ မီးငြိမ်းသတ်ရေးစွမ်းရည်သရုပ်ပြမှုများအနေဖြင့် Gas မီးလောင်မှုအား 3D Nozzle အသုံးပြုမီးငြိမ်းသတ်ခြင်းနှင့် အထပ်မြင့်အဆောက်အအုံအပေါ်သို့ ချိတ်လှေကား(Hook Ladder)အသုံးပြု မီးငြိမ်းသတ်ခြင်း စသည်တို့ကို ပြသခဲ့သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဌာနအကြီးအကဲများ၊ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က Brave Heart နှင့် Rip it Off စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများနှင့် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ချီတက်ခဲ့ကြသောမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ရာ ဆုရရှိသူများနှင့် တာဝန်ရှိသူများ၏ ပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး**
**(ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး)**

ဒီကနေ့ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားမှာ မြောက်ပိုင်းခရိုင်က စစ်ကြောင်းနှစ်ကြောင်းပါဝင်ပါတယ်။ ယာဉ်တွေနဲ့စစ်ရေးပြတဲ့အထဲမှာလည်း ပါဝင်ပါတယ်။ အဲဒီစစ်ကြောင်းတွေကိုကြီးကြပ်ရတာပါ။ ဒီလိုအခမ်းအနားတွေက လုပ်ပေးသင့်ပါတယ်။ ပြည်သူတွေကြားမှာ မီးသတ်တပ်ဖွဲ့ရဲ့လုပ်ဆောင်မှုတွေကို ပိုသိလာသလို အရေးပေါ်အခြေအနေဖြစ်ပေါ်ခဲ့ရင် မီးသတ်တပ်ဖွဲ့ဝင်တွေ ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရတယ်ဆိုတာတွေ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတွေ ပေးနေတဲ့အပေါ်ကို သိရှိလာမှာဖြစ်ပါတယ်။ ရည်မှန်းချက် တာဝန်က ဘာတွေရှိသလဲဆိုတာကို ပြည်သူကိုသိအောင်လုပ်ပေးတဲ့ပွဲလည်းဖြစ်ပါတယ်။

**လက်ထောက်မီးသတ်ဦးစီးမှူး ဦးတင်မျိုးလွင်**
**(ကျောက်တံတားမြို့နယ် မီးသတ်စခန်း)**

မြို့ပြတွေမှာဖြစ်လေ့ဖြစ်ထရှိတဲ့ မတော်တဆမှုတွေနဲ့ပတ်သက်ပြီး အဖွဲ့လိုက်ကယ်ဆယ်ရေးစွမ်းရည် (Rip it Off) ပြိုင်ပွဲများမှာ ပထမဆုရရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့ဆိုပြီးတော့ လေ့ကျင့်မှုတွေလုပ်ခဲ့ပါတယ်။ အဲဒီလိုလေ့ကျင့်ခဲ့မှုတွေကြောင့် အခုလိုပြိုင်ပွဲမှာ ဆုရရှိခဲ့တာပါ။ အခုလိုပြိုင်ပွဲတွေလုပ်ပေးတဲ့အတွက် တကယ့်လုပ်ငန်းခွင်မှာလည်း လုပ်ဆောင်ရာမှာ အထောက်အကူပိုမိုရရှိစေပါတယ်။ နည်းစနစ်တွေကိုလည်း တိုင်းဒေသကြီးနဲ့ပြည်နယ်တစ်ခုနဲ့တစ်ခု ဖလှယ်ပြီးသားဖြစ်တဲ့အတွက် အတွေ့အကြုံတွေ အများကြီးရပါတယ်။ မီးမလောင်စေချင်တဲ့စိတ်၊ လောင်တဲ့မီးကို အမြန်ဆုံးငြိမ်းစေချင်တဲ့စိတ်မျိုးခံယူချက်ထားပြီး ဆောင်ရွက်နေပါတယ်။

**တပ်သား အောင်ထက်ပိုင်(ရွှေပြည်သာမြို့နယ် မီးသတ်စခန်း)**

စစ်ရေးပြအခမ်းအနားမှာပါဝင်ခဲ့တာပါ။ ကိုယ့်တပ်ဖွဲ့ရဲ့နေ့မျိုးမှာ အခုလိုပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီလိုအခမ်းအနားတွေမှာ သရုပ်ပြမှုတွေကြောင့် ပြည်သူတွေအတွက် ဗဟုသုတတွေအများကြီးရမှာပါ။ အရေးပေါ်အခြေအနေကြုံတွေ့လာရင် မီးသတ်သမားတွေအနေနဲ့ ဘယ်လိုတွေလုပ်ကြတယ်ဆိုတာတွေကိုလည်း သိလာမှာပါ။ ကွန်တော်တို့မီးသတ်တပ်ဖွဲ့ဟာ ပြည်သူတွေအတွက် အမြဲတမ်းအဆင်သင့်ရှိနေပါတယ်။

**ဦးအောင်ဆွေဝင်း(မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ ဒုတိယညွှန်ကြားရေးမှူး)**

ဒီကနေ့မှာတော့ ပြည်သူလူထုကို မီးသတ်တပ်ဖွဲ့ရဲ့ စစ်ရေးပြစွမ်းရည်၊ မီးငြိမ်းသတ်ရေးစွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်တွေကို တင်ဆက်ပြသခဲ့ပါတယ်။ စွမ်းရည်ပြိုင်ပွဲတွေကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ထူးချွန်တပ်ဖွဲ့ဝင်တွေက လာရောက်ပြသခဲ့တာပါ။ စစ်ရေးပြစွမ်းရည်နဲ့ သရုပ်ပြစွမ်းရည် နှစ်ခုကို တပ်ဖွဲ့ဝင် ၆၀၃ ဦးက ပါဝင်ပြသခဲ့တာပါ။ မီးငြိမ်းသတ်ရေးစွမ်းရည်ကိုတော့ တပ်ဖွဲ့ဝင်အင်အား ၁၅၀၊ ယာဉ် ၂၅ စီးနဲ့ ပြသခဲ့တာပါ။ ယာဉ်တိုက်မှု ကယ်ဆယ်ရေးစွမ်းရည်ပြသရာမှာတော့ အခက်အခဲတွေအများကြီးရှိပါတယ်။ ပြသတဲ့အခါမှာ ယာဉ်လေး၊ ငါးစီးဆင့်တိုက်တာမျိုးတွေရှိသလို အရေးပေါ်အခြေအနေမှာ တပ်ဖွဲ့ဝင်တွေ ဘယ်လိုဆောင်ရွက်ရတယ်ဆိုတာတွေကို သရုပ်ပေါ်လွင်အောင်ပြသခဲ့ကြတာပါ။ ပြည်သူတွေအတွက် သင်ခန်းစာတွေအများကြီးရမှာပါ။




## မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းမှ အင်္ဂလိပ်စာ၊ သင်္ချာ ကျွမ်းကျင်မှုသင်တန်းဖွင့်

**ရန်ကုန် မေ ၅**

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ကြီးမှူး၍ န၀မတန်းနှင့် ဒသမတန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို နွေရာသီကျောင်းပိတ်ရက်တွင် အင်္ဂလိပ်စာနှင့် သင်္ချာကျွမ်းကျင်မှုသင်တန်းကို ရန်ကုန်မြို့ရှိ အထက(၂)ဒဂုံ(မြို့မကျောင်း)တွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

"ကလေးတွေကို နွေရာသီကျောင်းပိတ်ရက်မှာ အချိန်ကို အကျိုးရှိရှိ အသုံးချစေချင်တယ်။ ဒီလိုမျိုး သင်ကြားပေးတဲ့အတွက်လည်း သူတို့အတွက် ကျောင်းစာတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်တတ်ကျွမ်းလာမှာဖြစ်ပါတယ်။ သင်ကြားရေးမှာလည်း အခက်အခဲမရှိတော့ဘူးပေါ့။ ကျောင်းပြင်ပချိန်မှာလည်း ဘာသာစုံသင်တန်းတွေကို အခမဲ့သင်ကြားပို့ချသွားမှာပါ"ဟု မြို့မကျောင်းသား ကျောင်းသူဟောင်းဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောသည်။

အဆိုပါ သင်တန်းနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ န၀မတန်းတွင် တက်ရောက်သင်ကြားမည့် ကျောင်းသူ မဆုမြတ်ထိုက်က "အခုက အင်္ဂလိပ်စာနဲ့ သင်္ချာပဲ သင်ပေးသေးပါတယ်။ ကျောင်းဖွင့်ချိန်ကျရင်တော့ တခြားဘာသာတွေပါ သင်ပေးမယ်လို့ ပြောပါတယ်။ ပြင်ပဗဟုသုတတွေလည်းရတယ် အတွေးအခေါ်ကောင်းတွေကိုလည်း သင်ကြားပေးတယ်။ ဆရာတွေရဲ့ မိန့်ခွန်းစကားတွေကိုလည်း နားထောင်ခွင့်ရတယ်။ သင်ခန်းစာတွေဆိုလည်း ဘယ်လိုစဉ်းစား အဖြေထုတ်ရမယ်ဆိုတာတွေ သင်ကြားပေးပါတယ်။ အခုနွေရာသီမှာ သင်တာက ဖတ်စာအုပ်ထဲကပဲ သင်ကြားတာမဟုတ်ဘဲ Grammar ပိုင်းတွေလည်း သင်ကြားပေးတယ်။ ကိုယ်က နားမလည်တာတွေရှိရင်လည်း နားလည်တဲ့အထိ သင်ကြားပေးတဲ့အတွက် ပိုပြီးတော့နားလည်သွားတယ်။ ဒီလိုနွေရာသီသင်တန်းမျိုးတွေ ဖွင့်လှစ်သင်ကြားပေးတဲ့အတွက် အများကြီးအကျိုးရှိပါတယ်"ဟု ပြောသည်။

အဆိုပါ သင်တန်းကို မတ် ၂၂ ရက်မှစ၍ မေ ၃၁ ရက်အထိ န၀မတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူ ၇၀ အား သင်ကြားခြင်းဖြစ်ပြီး ကျောင်းဖွင့်လှစ်ချိန်မှစ၍ ဘာသာစုံသင်ခန်းစာများကိုလည်း ကျောင်းပြင်ပအချိန်တွင် တစ်နှစ်ပတ်လုံး သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အေးမင်းသူ)**

## မော်တင်ဂိတ်ဆုံး ယာဉ်လိုင်းတစ်လိုင်း နံပါတ်ပြောင်းပြေးဆွဲ

**ရန်ကုန် မေ ၅**

ထောက်ကြန့်မှမော်တင်(လမ်းသစ်)ဂိတ်ဖျားသို့ ပြေးဆွဲနေသောယာဉ်လိုင်းတွင် စံပြ(ဘုန်းကြီးလမ်း)ဂိတ်ဆုံး(ယခင် BRT lite အ၀ါရောင်ယာဉ်လိုင်း)နှင့် မော်တင်ဂိတ်ဆုံး(အခြားယာဉ်များဖြင့်) ပြေးဆွဲနေသောယာဉ်လိုင်းဟူ၍ ဖေဖော်ဝါရီလဆန်း ၀န်းကျင်မှစ၍ ယာဉ်လိုင်းနံပါတ်တစ်မျိုးတည်းဖြင့် မြို့တွင်း၌ ဂိတ်ဖျားနှစ်နေရာရှိနေသည်။

သို့သော်ဧပြီလကုန်မှစ၍ မော်တင်ဂိတ်စမှ ထောက်ကြန့်သို့ ပြေးဆွဲနေသော ယာဉ်လိုင်းတွင် တိုက်ကြီး-မှော်ဘီ-ထောက်ကြန့်ပြေးဆွဲနေသော ယာဉ်လိုင်းနံပါတ်ဖြင့် ပြောင်းလဲပြေးဆွဲသည်ကို မြင်တွေ့ရသည်ဟု ခရီးသည်များက ပြောသည်။

ယင်းသို့ ယာဉ်လိုင်းနံပါတ်ပြောင်းလဲ ပြေးဆွဲနေသော်လည်း မော်တင်ဂိတ်ဖျားတွင် အသိပေးထားခြင်းမရှိသဖြင့် ထောက်ကြန့်သွားမည့်ခရီးသည်များ ယခင်ယာဉ်လိုင်းအမှတ်ပါ ယာဉ်ကိုစောင့်မျှော်နေရခြင်းများရှိနေရာ ခရီးသွားအချင်းချင်း သတင်းပေးမှုကြောင့် အဆင်ပြေစွာစီးခဲ့ရသည်ဟု ထောက်ကြန့်သွားခရီးသည်တစ်ဦးက ပြောသည်။

ယခင်က ထောက်ကြန့်-ပြည်လမ်း-မော်တင် စာသားများရှိရာမှ ယခုအခါ တိုက်ကြီး- မှော်ဘီ- ထောက်ကြန့်-မဟာဗန္ဓုလလမ်း၊ မှော်ဘီ-ထောက်ကြန့်-ပြည်လမ်း-မဟာဗန္ဓုလလမ်း၊ ထောက်ကြန့်-ပြည်လမ်း မဟာဗန္ဓုလလမ်းစသည်ဖြင့် ယာဉ်တွင် ရေးသားထားသည်ကို မြင်တွေ့ရသည်။



မော်တင်-ပြည်လမ်း-ထောက်ကြန့် ခရီးစဉ်၏ ညနေပိုင်းအလုပ်ပြန်ချိန် မော်တင်ဂိတ်ဖျားတွင် ကားစီးရန် အခက်အခဲများရှိနေချိန် တိုက်ကြီး-ဥက္ကံ-မှော်ဘီသွား ယာဉ်လိုင်းနံပါတ်ဖြင့် ပြောင်းလဲပြေးဆွဲလာသဖြင့် မော်တင်မှ ထောက်ကြန့်အကြား ယာဉ်စီးနေသူများ အခက်အခဲပိုတွေ့လာရသည်ဟု ခရီးသည်တစ်ဦးက ပြောသည်။

သို့သော် အဆိုပါမြို့ပြင်ရှိ မြို့များသို့ သွားလာသူများ ထောက်ကြန့်တွင် ကားပြောင်းစီးရန်မလိုဘဲ လွယ်ကူလာသည်။

မြို့တော်စည်ပင်နယ်နိမိတ်ပြင်ပရှိ မြို့အချို့ ထောက်ကြန့်တွင် ခရီးဆုံးရာမှ မော်တင်အထိ တိုက်ရိုက်ယာဉ်စီးလာနိုင်သည်။

ထို့အတူ ယင်းခရီးစဉ်လမ်းကြောင်းပေါ် နေ့စဉ်လိုင်းကားစီးနေရသူများ အဆင်ပြေစေရန် စီစဉ်ပေးစေလိုသည်ဟု စော်ဘွားကြီးကုန်းမှ လမ်းမတော်တွင် အလုပ်ဆင်းနေရသူ ကိုဆွေက ပြောသည်။

**(မောင်စေအောင်)**

## မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းပြပွဲ ပထမဆုံးအကြိမ် ကျင်းပမည်

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းပြပွဲကို မေ ၁၁ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမပြခန်း၌ သစ်တောထွက်ပစ္စည်းထုတ်ကုန်များသာမက သစ်တောထွက်ပစ္စည်းများကို ရေရှည်တည်တံ့ပြီး အကျိုးအရှိဆုံး အသုံးပြုနိုင်ရေးအတွက် သစ်တောပြုစုထိန်းသိမ်းခြင်းများအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီး၏ လက်ရှိဆောင်ရွက်နေမှုများကို တစုတစည်းတည်း လေ့လာနိုင်ရန် ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ယခုပြပွဲကို မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပညာ ဗဟုသုတကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးရန်နှင့် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် သစ်တောသယံဇာတ ရေရှည်တည်တံ့အသုံးချနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ပြည်သူအများ သိရှိနားလည်စေရန်ရည်ရွယ်၍ ခင်းကျင်းပြသရခြင်းဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် ကုန်ကြမ်းကို အနည်းဆုံးအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added Products)များ ထုတ်လုပ်ခြင်းဖြင့် စနစ်တကျ ထုတ်ယူသုံးစွဲလျက်ရှိကြောင်း၊ ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးနိုင်သည့်အပြင် ပြပွဲလာပရိသတ်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကွဲပြားသော နေရာဒေသအသီးသီးမှ သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် သစ်တောပြုစုထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးဆောင်ရွက်မှုများကို တစ်နေရာတည်းတွင် တစုတစည်းတည်း လေ့လာနိုင်သော အခွင့်အရေးရရှိမည်ဖြစ်သည်။

ပြခန်းများအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပြခန်းများ၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ပျိုးသူတို့မှ ပါဝင်ပြသမည့် သစ်တောစိုက်ခင်းတည်ထောင်သူများ၏ ပြခန်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၏ ပြခန်းများ၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း၊ သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်း၊ မြန်မာ့လက်မှု အနုပညာအသင်းတို့၏ တန်ဖိုးမြှင့်ထုတ်ကုန်ပြခန်းများအပါအဝင် ကဏ္ဍစုံ ပြခန်း ၁၁ ခန်း ပါဝင်ပြသကြမည်ဖြစ်သည်။

ပြခန်းအသီးသီးတွင် ပြခန်းများအလိုက် ကျွန်း၊ သစ်မာ၊ ဝါး၊ သစ်မွှေး ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းစဉ် ပြကွက်များ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာပြကွက်များ၊ ဇီဝမျိုးစုံမျိုးကွဲ၊ သားငှက်ထိန်းသိမ်းရေးဆိုင်ရာပြကွက်များ၊ သုတေသနလုပ်ငန်းဆိုင်ရာပြကွက်များ၊ ဒီရေတောထိန်းသိမ်းရေးဆိုင်ရာပြကွက်များ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ် အသုံးချမှုဆိုင်ရာပြကွက်များ၊ သစ်၊ ကြိမ်၊ ဝါး၊ သစ်မွှေးအချောထည်နှင့် ထုတ်ကုန်များထုတ်လုပ်မှုဆိုင်ရာ ပြကွက်တို့ကို စုံလင်စွာ ခင်းကျင်းပြသထားမည်ဖြစ်သည်။

ပြပွဲကာလအတွင်း သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများအပြင် နိုင်ငံကျော် အဆိုတော်များဖြင့် ဖျော်ဖြေခြင်း၊ ပညာပေးလက်ကမ်းစာစောင်များနှင့် လက်ဆောင်ပစ္စည်းများ အခမဲ့ပေးဝေသွားမည်ဖြစ်သည်။

ယခုပြပွဲသည် သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးရေး၊ လူသုံးနည်းသစ်အခြေခံထုတ်ကုန်နှင့် တန်ဖိုးမြှင့်သစ်၊ ကြိမ်၊ ဝါး၊ သစ်မွှေးထုတ်ကုန်များ စနစ်တကျထုတ်လုပ်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများအနေဖြင့် မဖြစ်မနေ လာရောက်လေ့လာသင့်သော ပြပွဲဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ဆွေးနွေးဆက်သွယ်ခွင့်ရရှိနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



## နယ်လှည့်တီဘီရောဂါရှာဖွေကုသရေးအဖွဲ့ ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများသို့ အခမဲ့ကွင်းဆင်းကုသ

**ဟားခါး မေ ၅**

ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်ကာကွယ်ပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးမှ တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာညိမ်းညိမ်းအေး ဦးဆောင်အဖွဲ့ဝင် ကိုးဦး ပါဝင်သည့် နယ်လှည့်တီဘီရောဂါ ရှာဖွေကုသရေးအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီက ဟားခါးမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဒေသခံပြည်သူများအား တီဘီရောဂါနှင့်ပတ်သက်၍ အခမဲ့ရှာဖွေ ကွင်းဆင်းကုသဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ နယ်လှည့်တီဘီရောဂါရှာဖွေကုသရေးအဖွဲ့သည် မေ ၃ ရက်မှ ၇ ရက်အထိ ဟားခါးမြို့ မြို့သစ်ရပ်ကွက်၊ ဈေးသစ်ရပ်ကွက်၊ မြို့ကွက်သစ်၊ ဟားခါးမြို့နယ် ဆတ္တားကျေးရွာနှင့် ဆူရ်ခွါးကျေးရွာများတွင် ဆက်လက်ကွင်းဆင်းကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟားခါး(ပြန်/ဆက် )**

## ရွှေကျင်မြို့ မဒမချောင်း ရေစီးရေလာကောင်းမွန်ရေး ဆွေးနွေး

**ရွှေကျင် မေ ၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ မဒမချောင်းအား ရေစီးရေလာပြန်လည်ကောင်းမွန်ရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်ရေချောင်းဂေဟစနစ်များ ပြန်လည်ကောင်းမွန်လာစေရန် လုပ်ဆောင်မည့် ရွှေခနထွန်းလင်းကုမ္ပဏီလီမိတက်၏ ဆောင်ရွက်မည့်အစီအစဉ်များရှင်းလင်းပွဲကို မေ ၁ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းနှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကုမ္ပဏီမှမန်နေဂျာ ဦးသက်နိုင်ဦးက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသော ပြည်သူများနှင့် မြို့မိမြို့ဖများ၏သိလိုသည့် မေးမြန်းအကြံပြုချက်များကို တာဝန်ရှိသူအသီးသီးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တောင်ငူခရိုင်အတွင်း မိုးသက်လေပြင်းများ တိုက်ခတ် လူနေအိမ်၊ စာသင်ကျောင်းနှင့်သစ်ပင်များလဲကျ

**တောင်ငူ မေ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ အုတ်တွင်း၊ ဖြူး၊ ကျောက်ကြီးမြို့နယ်တို့၌ မေ ၄ ရက်နှင့် ၅ ရက် နံနက်ပိုင်းတို့တွင် မိုးသက်လေပြင်းများတိုက်ခတ်ခဲ့၍ လူနေအိမ်များ၊ စာသင်ကျောင်းအချို့သွပ်မိုးများလန်ခြင်း၊ နေအိမ်အချို့ပြိုလဲခြင်း၊ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိသစ်ပင်ကြီးများ လဲကျခြင်းတို့ဖြစ်ပွားခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မေ ၄ ရက် ည ၈ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်းရွာရပ်ကွက် (၁/၂/၃)ရပ်ကွက်တို့တွင် လူနေအိမ် ၂၇ လုံး သွပ်မိုးများလန်ကာ နေအိမ်သုံးလုံးပြိုကျပျက်စီးခဲ့သည်။ထို့အတူ ကင်းဆောင်ကျေးရွာတွင် လူနေအိမ်ရှစ်လုံးသွပ်မိုးများလန်၍ တစ်ပူငုတ်ကျေးရွာ၌ လူနေအိမ်လေးလုံးသွပ်မိုးများလန်ကာ လူနေအိမ်တစ်လုံး ထရံများ ကွာကျပျက်စီးခဲ့သည်။ ညောင်ချဉ်ကုန်းကျေးရွာတွင် လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီး၍ ရွာဦးဘုန်းတော်ကြီးကျောင်းစားဖိုးဆောင်ပေါ် ထန်းပင်တစ်ပင်လဲကျပိမိပြီး မြောက်ထန်းကုန်းကျေးရွာ၌ လူနေအိမ်ရှစ်လုံး အမိုးလန်ပျက်စီးခဲ့ကာ အိမ်တစ်လုံး သစ်ကိုင်းပိမိခဲ့သည်။

အုတ်တွင်းမြို့ပေါ်ရပ်ကွက်များဖြစ်သော ဈေးရပ်ကွက်၊ ကသစ်တန်း၊ ပဲခူးလမ်း၊ ကြက်သွန်ခင်း (၁/၂) ရပ်ကွက်၊ မဲကုန်းရပ်ကွက်များတွင် လေပြင်းတိုက်ခတ်သည့်အရှိန်ကြောင့် နေအိမ်များအမိုးလန်ပျက်စီးခြင်းအပြင် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ကုက္ကိုပင်ကြီးများ သစ်ကိုင်းများကျိုးကျခြင်း၊ ဈေးရပ်ကွက်ရှိ မြို့နယ်လမ်းဦးစီးဌာနဝင်းအတွင်း ဝန်ထမ်းလိုင်းခန်းတစ်ခုပေါ် သစ်ပင်လဲကျမှုကြောင့် အဆိုပါလိုင်းခန်းနေ ဦးအောင်ဇော်မိုး(၃၃)နှစ် မစိုးရိမ်ရဒဏ်ရာရရှိခဲ့သည်။ အလားတူ ဖြူးမြို့အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ အုတ်ဖြတ်ကျေးရွာအုပ်စု လက်ပံခုံကျေးရွာရှိ အထက(ခွဲ)နှစ်ထပ်ကျောင်း၌ မိုးထားသော သွပ်ချပ်ရေ ၇၀ လန်ကာပျက်စီးခဲ့ပြီး ကျောက်ကြီးမြို့နယ် ကွဲတလင်း



ကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်း အခန်းရှစ်ခန်း သွပ်မိုးများ လန်ခြင်းနှင့် ဒိုင်း၊ မြား၊ တန်းများပျက်စီးခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော ဒေသများတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဖြူးမြို့နယ်တွင် လေပြင်းတိုက်၍ သမိုင်းဝင်အဘယမုနိစေတီတော်ကြီး ထီးတော်ယိုင်

**ဖြူး မေ ၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မေ ၄ ရက် ညနေ ၆ နာရီခန့်က လေပြင်းတိုက်ခတ်သဖြင့် ဖြူးမြို့အရှေ့ဘက် ငါးမိုင်ခန့်တွင် တည်ရှိသော ဘုရင့်နောင်မင်းတရားကြီးတည်ထားခဲ့သည့် သမိုင်းဝင်အဘယမုနိစေတီတော်မြတ်ကြီး၏ထီးတော်မှာ တောင်ဘက်သို့ ယိုင်စောင်းသွားခဲ့သည်။

ယင်းအပြင် ဖြူးမြို့နယ်သို့ ဓာတ်အားပို့လွှတ်ပေးသော ၃၃ ကေဗွီဓာတ်အားလိုင်းမှာ လေပြင်းတိုက်၍ အုတ်တွင်းမြို့အနီးတွင် ဓာတ်တိုင်များလဲကျခဲ့ပြီး မီးအမြန်ပြန်လည်ရရှိရေးအတွက် ဖြူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးက သွားရောက်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(မြင့်ဦး)**

# မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာအနီး ကျေးရွာသားနှစ်ဦး အသတ်ခံရ

**နေပြည်တော် မေ ၅**

မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာအနီးတွင် ရေခပ်ချောင်းခွဆုံ ရွာသားတစ်ဦးနှင့် သဝန်ချောင်းရွာသားတစ်ဦးတို့ ဒဏ်ရာအသီးသီးဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာ၏ အရှေ့ဘက်ကိုက် ၃၀၀ခန့်အကွာ၌ လူတစ်ဦးသေဆုံးနေကြောင်း သတင်းပေးချက်အရ ယနေ့ နံနက်ပိုင်းတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မောင်တောမြို့နယ် ရေခပ်ချောင်းခွဆုံကျေးရွာနေ အာမတ်အာလမ်(ဘ) အာမတ်တူဆင်းသည် ညာဘက် ဦးခေါင်းချိုစောင်းဖောက်ဝင်ပြီး ဘယ်ဘက်နားရွက်အောက် ဖောက်ထွက်ဒဏ်ရာဖြင့် ပက်လက်သေဆုံးနေသည်ကို တွေ့ရှိရကြောင်း။

အလားတူ သဝန်ချောင်းကျေးရွာ အရှေ့ဘက် မေယုတောင်ခြေရင်း၌ သဝန်ချောင်းကျေးရွာနေ အာရာအူလာ(၁၈)နှစ်သည် လည်ပင်း၌ ဓားဒဏ်ရာ၊ ကျောကုန်းထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးတွေ့ရှိရကြောင်း။

သေဆုံးသူနှစ်ဦးအား မောင်တောဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပဲခူးမြို့၌ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် တစ်ဦးသေဆုံး

**ပဲခူး မေ ၅**

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် လိပ်ပြာကန်ပတ်လမ်း၌ မေ ၄ ရက် ည ၁၁ နာရီခွဲခန့်က ဂီတာတီးသီချင်းဆိုသည့် လူငယ်များအား လူငယ်တစ်စုက ဝိုင်းဝန်းရိုက်နှက်မှုကြောင့် တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ လိပ်ပြာကန်ပတ်လမ်းတွင် သူရဝင်း(၂၃)နှစ် အင်းဝင်(၁၄)လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့၊ ဖြိုးကိုကိုဝင်း(၂၃)နှစ် ဒရယ်ဘိုကျေးရွာ လှည်းကူးမြို့နယ်၊ စည်သူလွင်(၂၂)နှစ် ဆိုရှယ်လစ်လမ်း(၂၀) ပဲခူးမြို့၊ ကောင်းမြတ်ကျော်(၂၄)နှစ် ပြည်တော်အေးကျေးရွာ ပဲခူးမြို့၊ နေလင်းအောင်(၂၄)နှစ် ရှမ်းတန်းကုန်းပေါ်တန်းလမ်း ပဲခူးမြို့နယ်နေသူတို့ ငါးဦးသည် ဂစ်တာတီးသီချင်းဆိုနေစဉ် လူခုနစ်ဦးက ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး အဆိုပါ ဂီတာတီးသီချင်းဆိုနေသူ ငါးဦးတို့အား "မိုက်တဲ့ကောင်တွေကမင်းတို့လား"ဟု ပြောပြီး သံတုတ်၊ လျှပ်စစ်ကျင်စက်တို့ဖြင့် ရိုက်နှက်၊ ဓားမြှောင်ဖြင့်ထိုးခဲ့ပြီး သူရဝင်းတို့အနီးတွင် ထိုင်နေသော ဝေါလမ်းဘုရားကြီးမြို့နေသူ ရဲနိုင်နှင့် ပဒေသာရပ်ကွက် ဘုရားကြီးမြို့နေသူရဲကိုတို့ကိုပါ ထပ်မံ၍ ဓားဖြင့်ထိုး၊ သံတုတ်ဖြင့်ရိုက်နှက်ရာ သူရဝင်း၊ စည်သူလွင်၊ ကောင်းမြတ်ကျော်၊ ရဲနိုင်၊ ရဲကိုတို့တွင် အသီးသီး ဒဏ်ရာများရရှိခဲ့ပြီး ဖြိုးကိုကိုဝင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက် (စိုးရိမ်ရ)ရရှိခဲ့သည်။

အဆိုပါ လူငယ်တစ်စုမှာ ယင်းနေ့ည ၁၁ နာရီ ၅၅ မိနစ်ခန့်က ပဲခူးမြစ်ကူးတံတားအနီးတွင် ပဲခူးမြို့နယ် အထက်စီတီးကျေးရွာနေသူ တင့်နိုင်(၂၄)နှစ် ဆိုင်ကယ်ကယ်ရီမောင်းအား ထပ်မံရိုက်နှက်ပြီး ဆိုင်ကယ်အား မီးရှို့ဖျက်ဆီးခဲ့သည်။

ယင်းရိုက်နှက်ထွက်ပြေးသူများအား ဖမ်းဆီးရမိရေးအတွက် ပဲခူးမြို့မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးနိုင်စိုး၊ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ကိုကိုဇော်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များမှ လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ဥဿာမြို့သစ်(၂)ရပ်ကွက် နန်းဦးလမ်းသွယ်(၄)လမ်းနေသူ သားကြီး(ခ)သားသီဟပါ ခုနစ်ဦးဟု သိရှိခဲ့ရသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ သက်ဇော်ထွေး ရွှေဂူလေး(၂)လမ်း ဥဿာမြို့သစ်(၁)ရပ်ကွက် ပဲခူးမြို့၊ တင်ထွန်းအောင် နန်းသွယ်(၄)လမ်း ဥဿာမြို့သစ်(၁) ရပ်ကွက်၊ ပဲခူးမြို့၊ အောင်ကောင်းမြတ်၊ ဗိုလ်ချုပ်အောင်ဆန်း(၁)လမ်း ဥဿာမြို့သစ်(၁)ရပ်ကွက် ပဲခူးမြို့၊ ထွန်းသူရဇော် မြို့သစ်(၁)ရပ်ကွက် ပဲခူးမြို့၊ စွမ်းညီထူး ဗိုလ်ချုပ်အောင်ဆန်းလမ်း ဥဿာမြို့သစ်(၂)ရပ်ကွက် ပဲခူးမြို့နေသူတို့အား ဖမ်းဆီးရမိခဲ့ပြီး မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူကာ ကျန်ရှိတရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်နေစဉ် လိပ်ပြာကန်အနီး ရိုက်နှက်ခံရသူ ဖြိုးကိုကိုဝင်းမှာ ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူနေစဉ်ရရှိသောဒဏ်ရာများဖြင့် မေ ၅ ရက် နံနက်ပိုင်းက သေဆုံးသွားကြောင်း သိရသည်။

**(သူရိန်ထွန်း)**

■

# ဧပြီလတစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုး ကျပ်သန်း ၁၄၀၀ ကျော် ဖမ်းဆီးရရှိ

**မေ ၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများအား တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ ဧပြီလတစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၁၄၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုးကျပ် ၁၄၆၇ ဒသမ ၁၀၅ သန်း ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးဖမ်းဆီးမိခဲ့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၉ ဒသမ ၃ သန်းခန့်၊ ရန်ကုန်လေဆိပ်ကုန်လှောင်ရုံမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ကျပ် ၁၄ ဒသမ ၈၁၈ သန်း၊ ရန်ကုန်ဆိပ်ကမ်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ကျပ် ၆ ဒသမ ၃၅ သန်းခန့်၊ ရန်ကုန်စာတိုက်ကြီးမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ကျပ် သုည ဒသမ ၄ သန်းခန့်၊ အထူးကင်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ကျပ် ၆၃ ဒသမ ၅၁၅ သန်းခန့်၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၂၇ မှု ခန့်မှန်းတန်ဖိုးကျပ် ၃၇၆ ဒသမ ၈၃၅ သန်းခန့်၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၄၃ မှု ခန့်မှန်းတန်ဖိုးကျပ် ၃၁၀ ဒသမ ၇၅၆ သန်းခန့်၊ မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှု ၈၅ မှု ခန့်မှန်းတန်ဖိုးကျပ် ၄၈၁ ဒသမ ၃၂၅ သန်းခန့်၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးကျပ် ၃၆ ဒသမ ၉၂၇ သန်းခန့်၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၂၀ ခန့်မှန်းတန်ဖိုးကျပ် ၈၅ ဒသမ ၆၁၁ သန်းခန့်၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးကျပ် ၉ ဒသမ ၃၅၈ သန်းခန့်၊ ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၈ သန်းခန့်၊ တမူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၇၆၉ သန်းခန့်၊ ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၁၀၄ သန်းခန့်၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးကျပ် ၃၃ ဒသမ ၂၅၈ သန်းခန့်၊ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၃ ဒသမ ၉၅ သန်းခန့်၊ မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၂၄ ဒသမ ၈၂၉ သန်းခန့် စုစုပေါင်း ၂၀၂ မှု ခန့်မှန်းတန်ဖိုးကျပ် ၁၄၆၇ ဒသမ ၁၀၅ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ပြီး မေ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၆၄ စီး၊ သွင်းကုန် ၅၃၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၆၀၊ သွင်းကုန် ၁၆၁ စီး ကုန်စည်များဝယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအားစစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးကျပ် ၃၁ ဒသမ ၅ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးကျပ် ၇၀ ဒသမ ၉၉၇ သန်းခန့် စုစုပေါင်း ၁၀ မှု ခန့်မှန်းတန်ဖိုးကျပ် ၁၀၂ ဒသမ ၄၉၇ သန်းခန့် သိမ်းဆည်းရမိကြောင်းသိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၂ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်ဘီယာများ၊ ခေါက်ဆွဲခြောက်များနှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁၆ ဒသမ ၅ သန်းခန့်အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရက်ရှ်ဖို့ဒ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အဝေးကွင်းနိုင်ပွဲ ရယူနိုင်ခဲ့တဲ့ မန်ယူ ယူရိုပါလိဂ် ဗိုလ်လုပွဲတက်ရောက်ရေး အလားအလာကောင်းကို ပိုင်ဆိုင်နိုင်ခဲ့

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲပထမအကျော့အဖြစ် စပိန်ကလပ်အသင်း ဆယ်လ်တာဗီဂိုနဲ့ အင်္ဂလန်ကလပ်အသင်း မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဧည့်သည်မန်ယူအသင်းက လူငယ်တိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။ ပွဲကစားချိန် ၆၇ မိနစ်မှာ မန်ယူအသင်း အလွတ်တည်ကန်ဘော ကန်ခွင့်ရရှိခဲ့ပြီး အဲဒီအခွင့်အရေးကို ရက်ရှ်ဖို့ဒ်က အကောင်းဆုံးအသုံးချကာ မန်ယူအတွက် အဖိုးတန်ဂိုးအဖြစ် ပြောင်းလဲပေးခဲ့တာဖြစ်ပါတယ်။

အိမ်ရှင် ဆယ်လ်တာဗီဂိုအသင်းဟာ အိမ်ကွင်းအားနဲ့ မန်ယူကို အနိုင်ယူဖို့အတွက် လူအခင်းအကျင်း၊ ကစားကွက် ဖန်တီးမှုအပိုင်းတို့မှာ အစစအရာရာ အကောင်းဆုံးပြင်ဆင်ခဲ့ပေမယ့် မန်ယူအသင်းကလည်း အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ တုံ့ပြန်ကစားခဲ့လို့ ထိုက်တန်တဲ့ နိုင်ပွဲအဖြစ် ရယူသွားနိုင်ခဲ့တာပါ။ မန်ယူအသင်းက ပထမပိုင်းကတည်းက အပိုင်အခွင့်အရေး သုံးကြိမ်လောက်ရရှိခဲ့ပေမယ့် ဆယ်လ်တာဂိုးသမား အယ်လ်ဘာရက်ဇ် လက်စွမ်းပြနေခဲ့လို့ စောစောစီးစီး ဦးဆောင်ဂိုးတွေ ရယူနိုင်ဖို့ အခွင့်အရေးတွေ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

ပထမပိုင်းအတွင်း မန်ယူအသင်းက ရက်ရှ်ဖို့ဒ်၊ အမ်ခီတာယန်နဲ့ လင်းဂတ်တို့ ဂိုးရဖို့ အနီးစပ်ဆုံးအခြေအနေကို ဖန်တီးနိုင်ခဲ့ကြသလို ဆယ်လ်တာရဲ့ ဒန်နီယယ်ဝက်စ်နဲ့ အက်စ်ပက်စ်၊ စစ်စတိုတို့လည်း ဂိုးရရှိဖို့ နီးစပ်တဲ့ အခြေအနေတွေကို ဖန်တီးနိုင်ခဲ့ကြပေမယ့် နှစ်ဖက်ဂိုးသမားတွေ လက်စွမ်းပြနေခဲ့လို့သာ ဂိုးသွင်းများတဲ့ ပွဲကို ပရိသတ်တွေ ကြည့်ရှုခွင့်မရခဲ့ကြတာ ဖြစ်ပါတယ်။

ဆယ်လ်တာဗီဂိုဟာ လက်ရှိလာလီဂါမှာ အဆင့်(၁၁) နေရာအထိ ရောက်ရှိနေတဲ့ အသင်းဖြစ်ပေမယ့် ယူရိုပါလိဂ်ပြိုင်ပွဲမှာတော့ အကောင်းဆုံးခြေစွမ်းတစ်ရပ်ကို ပြသနိုင်ဆဲအသင်းဖြစ်တာကြောင့် မန်ယူအသင်း ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ယခုတော့ ရက်ရှ်ဖို့ဒ်ရဲ့ သွင်းဂိုးကြောင့် ယူရိုပါလိဂ်မှာ စပိန်အသင်းတွေ နှစ်အတော်များများ လွှမ်းမိုးလာတာကို ရပ်တန့်ရဖို့ ရှိနေပါပြီ။ အဝေးကွင်းမှာ နိုင်ပွဲရယူနိုင်ခဲ့တဲ့ မန်ယူအသင်း ဗိုလ်လုပွဲ တက်ရောက်နိုင်ခြေ များသွားပြီဖြစ်ပေမယ့် တစ်ဂိုး-ဂိုးမရှိ ဆိုတဲ့ရလဒ်ဟာ ဘာမဆိုဖြစ်နိုင်ဆဲ ဖြစ်တာကြောင့် လာမယ့်ကြာသပတေးနေ့ (မေ ၁၁ ရက်)မှာ ယှဉ်ပြိုင်မယ့်ပွဲစဉ်မှာ ဘာတွေဆက်ဖြစ်လာမလဲစောင့်ကြည့်ရဖို့ ရှိနေပါတယ်။

မန်ယူအသင်းကတော့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၅)နေရာ ရောက်ရှိနေတာကြောင့် ယူရိုပါလိဂ် ချန်ပီယံဆုရယူပြီး နောက်တစ်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အား ထုတ်ဖို့ကြိုးပမ်းနေတဲ့အတွက် ယခုနိုင်ပွဲဟာ မန်ယူအတွက် တကယ်ချိုမြိန်တဲ့ နိုင်ပွဲဖြစ်နေမှာ သေချာပါတယ်။ ဗိုလ်လုပွဲစဉ်တွေကို လာမယ့် မေ ၂၄ ရက် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အေဂျက်စ်၊ လိုင်ယွန်၊ မန်ယူ၊ ဆယ်လ်တာဗီဂိုတို့ထဲက မည်သည့်ဘယ်အသင်းက ဗိုလ်လုပွဲဆီ တက်လှမ်းကြမလဲဆိုတာ လာမယ့် ရက်သတ္တပတ်အတွင်း သိရှိကြရတော့မှာ ဖြစ်ပါတယ်။











## အနာဂတ်ကိစ္စ ပြောကြားရန် ငြင်းဆန်လိုက်တဲ့ ဝင်းဂါး



အာဆင်နယ်နည်းပြ ဝင်းဂါးက သူ၏ အနာဂတ်ကိစ္စရပ်များနှင့် ပတ်သက်တဲ့ မေးခွန်းများကို ဖြေကြားရန် ငြင်းဆန်ထားဆဲဖြစ်ပြီး ပုဂ္ဂိုလ်ရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ယခုထက်ပိုမို ပြောကြားရန် ဆန္ဒမရှိဟုသာ ထိန်းထိန်းသိမ်းသိမ်း ဖြေကြားသွားခဲ့သည်။ ဝင်းဂါးမှာ အာဆင်နယ်အသင်းကို ၁၉၉၆ ခုနှစ်ကတည်းက ကိုင်တွယ်လာခဲ့သူဖြစ်ပြီး လာမယ့်နွေရာသီတွင် အာဆင်နယ်နှင့် လက်ရှိချုပ်ဆိုထားသော စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကမူ စာချုပ်သက်တမ်းသစ်ကိစ္စကို မတ်(သို့မဟုတ်) ဧပြီလအတွင်း အတည်ပြုသွားမည်ဟု ဖြေကြားခဲ့သော်လည်း ရလဒ်ဆိုးများကြောင့် ဆန့်ကျင်မှုများ မြင့်တက်လာခြင်းနှင့်အတူ ဝင်းဂါးနှင့် အာဆင်နယ်အသင်းတို့အကြား အနာဂတ် ပိုမိုဝေဝါးလာခဲ့သည်။ မန်စီးတီးအသင်းကို အနိုင်ယူနိုင်သည့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲအပြီးတွင် ဝင်းဂါးက အာဆင်နယ်အသင်း အင်အားတောင့်တင်းသည်ကို သက်သေပြနိုင်ခဲ့ပြီး ၎င်းအာဆင်နယ်မှ ထွက်ခွာသွားချိန်တွင်လည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ချန်ရစ်ခဲ့မည်ဟု ပြောကြားခဲ့သည်။

သို့သော် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မြို့ခံပြိုင်ဘက် စပါးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ပြီးနောက် နှစ် (၂၀)အတွင်း ချန်ပီယံလိဂ်ဝင်ခွင့်နှင့် ပထမဦးဆုံး လွဲချော်မည်ကို စိုးရိမ်နေရပြီဖြစ်ကြောင်း ဝန်ခံခဲ့သည်။

ဝင်းဂါးကိုင်တွယ်ခဲ့သည့် နှစ် (၂၀) သက်တမ်းအတွင်း အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့် နှစ်စဉ်နှစ်တိုင်းရရှိခဲ့သော်လည်း ယခုနှစ်တွင်မူ အဆိုပါ အစဉ်အလာတစ်ရပ် ကျိုးပျက်ရန် ရှိနေပြီဖြစ်သည်။ စပါးနှင့် ပွဲအပြီးတွင် ကွင်းလယ်ကစားသမား အိုဇေးလ် တံခါးကို ခြေထောက်ဖြင့် ကန်ခဲ့သည်ကို ဝင်းဂါးက အတည်ပြုခဲ့သော်လည်း ကစားသမားများရဲ့ ရှုထောင့်အမြင်များမှာ ကောင်းမွန်နေဆဲဖြစ်ကြောင်း အဆိုပါဖြစ်ရပ်အတွက် ကာကွယ်ပြောကြားခဲ့သည်။

မေလဲ့သင်း-စုစည်းသည်

## အာဆင်နယ်နှင့် ပွဲစဉ်တွင် မန်ယူအဓိကကစားသမားအချို့ကို အနားပေး

### ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မော်ရင်ဟို အတည်ပြု



မန်ယူနည်းပြ မော်ရင်ဟိုက လာမယ့် တနင်္ဂနွေနေ့ အာဆင်နယ်ကို ရင်ဆိုင်မည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအဓိက ကစားသမားအချို့ကို အနားပေးကာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဆယ်လ်တာဗီဂိုအသင်းကို အနိုင်ရရှိသော ပွဲစဉ်အပြီးတွင် အတည်ပြုပြောကြားခဲ့သည်။ မော်ရင်ဟိုက ကစားသမားများအနေဖြင့် မိနစ်ပေါင်းများစွာ ကစားရခြင်းက ပင်ပန်းနွမ်းနယ်မှုကြောင့် ဒဏ်ရာပြဿနာကို ပိုမိုဖန်တီးနိုင်တဲ့ အလားအလာရှိသဖြင့် အာဆင်နယ်နှင့်ပွဲစဉ်တွင် ကစားသမားအချို့ကို အနားပေးသွားရန် စီစဉ်ထားခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၅)နေရာတွင်သာ ရပ်တည်နေပြီး အကယ်၍ ယူရို ပါလိဂ်ဖလားကို ရယူနိုင်မည်ဆိုပါက လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်ရာ မော်ရင်ဟို၏ ပစ်မှတ်မှာ ယူရိုပါလိဂ်ဖလား ရယူရေးလမ်းကြောင်းသို့ ဦးတည်သွားခြင်းဖြစ်သည်။

မန်ယူအသင်းတွင် ဒဏ်ရာရကစားသမားများဖြစ်သော စမောလင်း၊ ပေါ့ဘာနှင့် ဘိုင်လီတို့ ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်သော်လည်း ဆယ်လ်တာဗီဂိုနှင့် ပွဲစဉ်တွင် အက်ရှ်လေယန်းမှာ ၁၁ မိနစ်သာ ဝင်ရောက်ကစားခဲ့ပြီးနောက် ဒဏ်ရာရရှိသွားခဲ့ရာ စမောလင်းနှင့် လူစားလဲခဲ့ရသည်။ မန်ယူအသင်းခေါင်းဆောင်ဟောင်း ရှိုင်းကိန်းကမူ မန်ယူအသင်း အရန်ကစားသမားဖြင့် အာဆင်နယ်ကို ရင်ဆိုင်မည်ဆိုလျှင်ပင် အနိုင်ရရှိလိမ့်မည်ဟု ပြောကြားခဲ့ရာ အာဆင်နယ်အသင်းအတွက် ခံရခက်နေမည်မှာ သေချာနေသည်။



## တစ်နှစ်လုပ်ခပေါင် ၂၅ သန်းဖြင့် တီယန်ကျင်းကွမ်ကျင်းအသင်းသို့ ပြောင်းရွှေ့ရန် ကော်စတာ နီးစပ်လာ

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် တရုတ်ကလပ် ကွမ်ကျင်းအသင်း တာဝန်ရှိသူများ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ညစာအတူလာရောက်စားသောက်ခဲ့ကြသည်ကို The Sun သတင်းဌာနက ဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့ပြီးနောက် ကွမ်ကျင်းအသင်းနှင့် ကော်စတာတို့ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်များ ရယူနိုင်ခဲ့ပြီးဖြစ်သည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။ ကော်စတာမှာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်ကပင် စူပါလိဂ်သို့ ထွက်ခွာရန် ကြိုးပမ်းခဲ့သေးသော်လည်း နည်းပြ ကွန်တီ၏ စည်းရုံးမှုကြောင့် ချယ်လ်ဆီးအသင်းတွင် ဆက်ရှိနေခဲ့ခြင်းဖြစ်သည်။ သတင်းရင်းမြစ်များ၏ အဆိုအရ ကော်စတာမှာ အကြိုသဘောတူစာချုပ်ကိုပင် လက်မှတ်ရေးထိုးခဲ့ပြီး ချယ်လ်ဆီးအသင်းကလည်း ကော်စတာ၏ဝန်ဆောင်မှုအတွက် ပေါင် ၇၆ သန်းရရန် ရှိနေကြောင်း သိရသည်။ ကွန်တီက ကော်စတာနေရာတွင် မိုရာတာ(သို့မဟုတ်)လူကာကူနှင့် အစားထိုးရန် ကြိုးပမ်းမည်ဖြစ်သည်။



# မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)ဆွေးနွေးပွဲဖိတ်ကြားခြင်း

၂၇-၄-၂၀၁၇ ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် လိုင်စင်စည်းကမ်းချက်များ အစည်းအဝေး ဆွေးနွေးချက်များနှင့် ညှိနှိုင်းဆောင်ရွက်ချက်များ တင်ပြခြင်း၊ အသင်းသားစုဆောင်းရေးကိစ္စနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးပွဲကို မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)က ကြီးမှူး၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သဖြင့် တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်များအားလုံး တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်နှင့်အချိန်** - ၁၀-၅-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၁ နာရီ

**ကျင်းပမည့်နေရာ** - PANDA HOTEL၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)**

ရွှေထိပ်တန်း ခရီးသွား ကျောက်ကြီးရေတံခွန်(နေ့ချင်းပြန်)
+ စက်ဝဲကမ်းခြေ၊ ကျိုက္ကမီ၊ ယော်လမြိုင်ဘုရားစုံ (နေ့ချင်းပြန်)
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက္ကမီ၊ စက်ဝဲ
+ မြဝတီ၊ မဲဆောက်၊ ဘားအံသမိုင်းဝင်ဂူဘုရားများနှင့် ဘုရားစုံ
+ ပြည်၊ ထုံးဘို၊ အကောက်တောင်၊ နဂါးရစ်တောင်၊ ဇလွန်ပြည်တော်ပြန်
01-701015, 09-5403844, 09-5044830

## အမည်မှန်

မိတ္ထီလာမြို့၊ အထက(၉)၊ ရေချို နဝမတန်း(B)မှ မစုဝေနှင်း၏အမည်မှန်မှာ မဆုဝေနှင်းဖြစ်ပါကြောင်း ဖခင်အမည်မှန်မှာ ဦးဖြူဝင်း [၉/မထလ(နိုင်)၀၂၇၀၉၀] ဖြစ်ပါသည်။

## အမည်မှန်

ဦးစိန်လင်း၏သား ရေစကြိုမြို့နယ်၊ ပညင်းကျေးရွာမှ မောင်ဖိုးမော်၏အမည်မှန်မှာ မောင်ဇော်ကြိုင်[၈/ရစက(နိုင်)၁၅၁၂၁၂] ဖြစ်ပါကြောင်း။

**မောင်ဇော်ကြိုင်**

Bright-STAR BEC EDUCATION CENTRE
BEC Centre (2)
အမှတ် (29-A)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ Horizone ကျောင်းလမ်း နှစ်ခြံကျော်၊ (6.5.2017) ရက်နေ့တွင် ကျောင်းအပ်လက်ခံနေပါပြီ။
Tel : 09-258849499, 09-5148254, 09-7650006t98, 09-73038975

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ပါလုပ်ငန်းအား ဆောင်ရွက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ပေ(၄၀×၉၀) (၆)ခန်းတွဲ(၂)ထပ် R.C.C ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း**

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့်အချက်အလက်များအား အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၇၀၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) တင်ဒါရောင်းချမည့်ရက်နှင့်နေရာ - ၆-၅-၂၀၁၇ ရက်မှ ၃၁-၅-၂၀၁၇ရက်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ခ) တင်ဒါတင်သွင်းရမည့်နေ့ရက် - ၆-၆-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအတွင်း

အချိန်နှင့်နေရာ - ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) တင်ဒါဖွင့်မည့်နေ့ရက် - ၆-၆-၂၀၁၇ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂:၀၀ နာရီ

အချိန်နှင့်နေရာ - ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊နေပြည်တော်

**လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခိုင်ရွှေ၏ သင်္ဘောသားလုပ်သက်စာအုပ်အမှတ် (ရန်-၃၅၁၃/၀၂)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၂၄၇၁၈**

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အထက(၇)၊ နဝမတန်းမှ မဆန်းဆန်းဦးနှင့် ဆဋ္ဌမတန်းမှ မောင်မျိုးမင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးလူသူဆာမိ (KLT-၀၁၀၁၆)ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကမာရွတ်မြို့နယ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း အဋ္ဌမတန်း(G)မှ မောင်တေဇနှင့် ဆဋ္ဌမတန်း(I)မှ မောင်ဝဏ္ဏတို့၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော်မြင့်[၁၂/ဥကတ(နိုင်)၀၆၁၆၆၅]ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၆၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၀/ခ)၊ မိုးဆွေလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မမကြီး (BV-၀၃၆၈၇၂)၊ [၁၂/ဥကတ(နိုင်)၁၀၁၅၄၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မမကြီးနှင့် ခင်ပွန်း ဦးမောင်ကို ကွယ်လွန်သဖြင့် ဒေါ်စီစီမာ [၁၂/ဥကတ(နိုင်)၁၀၁၅၃၉] တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံး၊ ကျမ်းကျိန်သူအရာရှိ ဦးနန္ဒမျိုး၏ ရှေ့မှောက်တွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာ အမှတ်-၄/၃၀၇/၂၀၁၇ (၂၀-၄-၂၀၁၇)နှင့် ဒေါ်မမကြီး ကွယ်လွန်ကြောင်း သေချိုင်းလက်မှတ်၊ သေဆုံးကြောင်း ဆရာဝန်ထောက်ခံချက်၊ ဦးမောင်ကို ကွယ်လွန်ကြောင်း မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂-ရပ်ကွက်၊ အမှတ်-၈၁၅၊ သခင်ဘိုးလှကြီးလမ်း၊ တရားဝင်ပိုင်ဆိုင်သူ ဦးအောင်ခင်(ကွယ်လွန်)၊ ဇနီး ဒေါ်ထားရီ[၁၂/တမန(နိုင်)၀၀၇၆၂၁]ထံမှ ခြံအမှတ်၈၁၅(က) ခေါင်းရင်းပိုင်း ပေ(၂၀×၆၀)ကို အပြီးအပိုင်ဝယ်ယူရန်ရှိပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းအောင်**
**[၁၂/ဗဟန(နိုင်)၀၆၂၆၈၄]**
**၂၁၇/၂၁၈၊ ပညာတန်ဆောင်(၂)လမ်း၊ ၄၃ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ စီဂျီ၊ မြေကွက်အမှတ်-၅၉၄၊ မြေကွက်တည်နေရာအမှတ်(၉၈)၊ ဆရာစံလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးသန်း [၁၂/ဗဟန(နိုင်)၀၄၀၃၇၉]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးသန်းကွယ်လွန်သဖြင့် ဒေါ်ညွန့်ရီ [၁၂/ဗဟန(နိုင်)၀၄၁၇၀၄]မှ တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း မြေငှားစာချုပ်(ဂရန်)တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဂရန်ပျောက်ဆုံးကြောင်း ကြော်ငြာစာ

ဝါးခယ်မမြို့၊ စာရေးကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၅/ဈေး)၊ ဦးပိုင်(၂၂၀-ခ)၊ ဧရိယာ(၀. ၀၈၄)ဧက မစိန်၊ မလှတင်အမည်ဖြင့် (၁၉၃၃)ခုနှစ် (၁၉၆၃)ခုနှစ်အထိ နှစ်(၃၀)ဂရန် ရရှိထားပါသည်။ အဆိုပါမြေ ဧရိယာ(၀. ၀၈၄)ဧကအနက်မှ (၀. ၀၄၉)ဧကအား ဒေါ်ညွန့်ညွန့်ငွေမှ တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ကျန်(၀. ၀၃၅) ဧကအား ဒေါ်နွဲ့နွဲ့အေး(ခ)ဘီဘီမှ တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့သော်လည်း နှစ်(၃၀)ဂရန်စာချုပ်မှာ မည်သူမျှလက်ခံ ရရှိခဲ့ခြင်းမရှိသဖြင့် ဒေါ်ညွန့်ညွန့်ငွေအမည်ဖြင့် ဂရန်ဦးပိုင်ခွဲ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး(ကိုယ်စား)**
**(ကိုကိုဦး၊ ဒုတိယအုပ်ချုပ်ရေးမှူး)**

The VOICE weekly



အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

# LPG ရေနံဓာတ်ငွေ့ရည်ဖြန့်ဖြူးရေး (လုပ်ငန်းရှင်) ကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်း







ကျွန်တော်များ Universal Energy Co.,Ltd သည် ၂၀၁၁ခုနှစ်မှစတင်၍ ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG) များကိုပြည်ပမှတင်သွင်းသိုလှောင်၍ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ယခင်က ရန်ကုန်မြို့ရှိ ရေနံဓာတ်ငွေ့ရည် ဖြည့်တင်းရေးဌာန (LPG Filling Station)မှ ရန်ကုန်မြို့နှင့် အခြား မြို့ကြီးများရှိစက်ရုံများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် လက်လီလက်ကားအရောင်းဆိုင်များသို့ အန္တရာယ်ကင်းရှင်းစွာ ဖြန့်ဖြူးပေးခဲ့ပါသည်။

ယခုအခါ ရေနံဓာတ်ငွေ့ရည်တန်ချိန် (၃၀၀၀)ဆန့်သောသိုလှောင်ကန်များ (LPG Storage Tank) များအပါအဝင် ရေနံဓာတ်ငွေ့ရည်သိုလှောင်စခန်း (LPG Terminal)ကို တည်ဆောက်ပြီးစီးပြီးဖြစ်သည့်အတွက် ရေနံဓာတ်ငွေ့ရည်ဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမြို့နယ်များသို့ တိုးချဲ့ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်များကုမ္ပဏီနှင့် ရေရှည်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည့် ရေနံဓာတ်ငွေ့ရည်ဖြန့်ဖြူးရေး(လုပ်ငန်းရှင်) ကိုယ်စားလှယ်များကို ရှာဖွေလျက်ရှိပါသည်။ကုမ္ပဏီဘက်မှလည်း ရေနံဓာတ်ငွေ့ရည်များကို သင့်တော်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့ပေးသွားမည့်အပြင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် အခြားပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ သည်။

သို့အတွက် ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူးရောင်းချလိုသော စိတ်ပါဝင်စားသူ မည်သူမဆို အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်၊ E-mail သို့ ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန် -**

**ဦးအေးဟန်** (Yangon Branch Manager)
Universal Energy Co.,Ltd
Mobile No : 09- 977 838 966
Fax : 01-8550 744
E-mail : salesunienergy@gmail.com

UNIVERSAL ENERGY CO., LTD.

# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်း

**ပြည်သူများ လေ့လာသိရှိ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်း**
**၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (      )**
**၁၃၇၈ ခုနှစ်၊ လ၊ ရက်**
**၂၀၁၇ ခုနှစ်၊ လ၊ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို "ပြဋ္ဌာန်း"လိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၁။ ဤဥပဒေကိုစာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည်နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ဆက်လက်၍ ရေးသားသောအချက်** ဆိုသည်မှာ ရေးမှတ်ခံရသူများ၏ အမည်၊ အဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာတို့ကို ဆိုသည်။

(ဂ) **ထပ်ဆင့်ရေးမှတ်ချက်**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန်တင်ပြသည့် စာချုပ်စာတမ်းများ၏ မျက်နှာဖုံးတွင်ဖြစ်စေ၊အတွင်းစာရွက်များ သို့မဟုတ် နောက်ဆက်တွဲစာရွက် စာတမ်းများတွင်ဖြစ်စေ၊ ပုဒ်မ ၇ နှင့် ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက ရေးသွင်းသည့် ရေးသွင်းချက်ကို ဆိုသည်။

(ဃ) **မရွှေ့မပြောင်းနိုင်သောပစ္စည်း**ဆိုသည်မှာ မြေနှင့်မြေမှ ဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ဆောက်လုပ်ထားသော သို့မဟုတ် တည်ရှိသောအဆောက်အအုံနှင့် အရာဝတ္ထုများကို ဆိုသည်။ သို့ရာတွင်ပင်ထောင်သစ်၊ မရိတ်သိမ်းရသေးသည့် ကောက်ပဲသီးနှံနှင့် မြက်များမပါဝင်။

(င) **အငှားစာချုပ်**ဆိုသည်မှာ စိုက်ပျိုးရန်သော်လည်းကောင်း၊ နေထိုင်ရန် သော်လည်းကောင်း၊ အခြားတစ်နည်းနည်း အသုံးပြုရန် သော်လည်းကောင်း၊ လက်ရှိထားရန် သော်လည်းကောင်း ငှားရမ်းသည့် သဘောတူစာချုပ်ကို ဆိုသည်။

(စ) **အရွယ်မရောက်သေးသူ**ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသူကို ဆိုသည်။

(ဆ) **ရွှေ့ပြောင်းနိုင်သော ပစ္စည်း**ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။

(ဇ) **ကိုယ်စား**ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင်အုပ်ထိန်းခွင့်ရသည့် ပုဂ္ဂိုလ်ကိုဆိုသည်။ ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါကဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ ကိုယ်စားအစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဈ) **ကိုယ်စားလှယ်**ဆိုသည်မှာကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ကိုယ်စားခန့်ထားခြင်းခံရသူ သို့မဟုတ် အခြားသူများနှင့် ဆက်ဆံရာတွင် သူတစ်ပါးအတွက် ကိုယ်စားပြုသူကိုဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဝန်ကြီး**ဆိုသည်မှာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်။

(ဌ) ဦးစီးဌာနဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည် အခန်း(၂) စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိအဆင့်ဆင့်နှင့် စုံစမ်းစစ်ဆေးရေးမှူးတို့ကို သတ်မှတ်ခြင်း

၄။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း၏ အကြီးအမှူးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိဖြစ်သည်။

၆။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာခရိုင်၏ စာချုပ်စာတမ်းမှတ်ပုံတင် စစ်ဆေးရေးမှူးဖြစ်သည်။

၇။ ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးသည့် ဦးစီးဌာနမှ အရာရှိသည် သတ်မှတ်ထားသော မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိဖြစ်သည်။

၈။ ဒုတိယဦးစီးမှူးအဆင့်အောက်မနိမ့်သော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိဖြစ်သည်။

**အခန်း(၃)**
**စာချုပ်စာတမ်းမှတ်ပုံတင်ရုံးဖွဲ့စည်းတည်ထောင်ခြင်း**

၉။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးများတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိမြို့နယ်အားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေ စုစည်း၍ ဖွင့်လှစ်ရမည်။

၁၁။ ပုဒ်မ ၁၀ ပါ မြို့နယ်များမှအပ ကျန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် လိုအပ်သည့်ဝန်ထမ်းများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ တာဝန်များကို ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်အသုံးပြုသည့် မှတ်ပုံတင်စာအုပ်နှင့်အသုံးပြုသည့်ပုံစံများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၅။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည်-

(က) ဦးစီးဌာနက သတ်မှတ်သော ပုံစံအရွယ်အစားနှင့် ဖော်ပြရမည့် အချက်များပါရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ တံဆိပ်တုံးများ၊ရုံးတံဆိပ်တုံးများကိုအသုံးပြုရမည်။

(ခ) ဦးစီးဌာနကရိုက်နှိပ်ဖြန့်ဝေသည့် သတ်မှတ်သောမှတ်ပုံတင်စာအုပ်များနှင့်ပုံစံများကို အသုံးပြုရမည်။

(ဂ) အသုံးပြုသော မှတ်ပုံတင်စာအုပ်များ၏ စာမျက်နှာတိုင်းတွင် ပုံနှိပ်အမှတ်စဉ်များကို အစဉ်လိုက်မှတ်သားထားရမည်။

(ဃ) ဦးစီးဌာနမှ ထုတ်ပေးသော လုံခြုံမှု အာမခံသေတ္တာ ထားရှိရမည်။

(င) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့်အမှုတွဲများကို လုံခြုံစွာ သိမ်းဆည်းနိုင်ရန် အမှုတွဲခန်းဖွင့်လှစ်ထားရှိရမည်။

**အခန်း(၄)**
**စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း**

၁၆။ ဤဥပဒေအရ အောက်ပါစာချုပ်စာတမ်းများကို မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများ အဖြစ်သတ်မှတ်သည်-

(က) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုအပိုင်ပေးသည့် စာချုပ်စာတမ်းများ၊

(ခ) တန်ဖိုးငွေကျပ်တစ်သိန်းနှင့်အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်စေရေးအတွက်ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန် ပြုလုပ်သည့် သေတမ်းစာမဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းတို့နှင့် သက်ဆိုင်သည့်ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးက ချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့် သို့မဟုတ် စီရင်ချက်များ၊

(ဂ) တန်ဖိုးငွေ ကျပ်တစ်သိန်းနှင့် အထက်ရှိသည့် ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံငွေချေးခြင်းမှတစ်ပါး ပေါင်နှံခြင်းကို ပေါင်နှံသူလက်မှတ်ရေးထိုးပြီး အနည်းဆုံးအသိသက်သေနှစ်ဦးက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့် ပေါင်နှံခြင်းစာချုပ်များနှင့် ပေါင်နှံခြင်း ဖျက်သိမ်းသောစာချုပ်များ၊

(ဃ) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခြင်း၊ တစ်နှစ်ထက် ပို၍ငှားရမ်းခြင်း၊ငှားရမ်းခကို နှစ်အလိုက် သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များ၊

(င) ကုမ္ပဏီအသင်းအဖွဲ့တို့က မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းပိုင်ဆိုင်ခွင့်အားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ယင်းပစ္စည်းနှင့် သက်ဆိုင်သည့် အကျိုးစီးပွားကိုဖြစ်စေ ယုံမှတ်အပ်နှံသူသို့ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲအပ်ခြင်းပြုသည့် စာချုပ်စာတမ်းများ၊

(စ) ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်စာတမ်းများ၊

(ဆ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့် စာချုပ်စာတမ်းများ၊

၁၇။ ဤဥပဒေအရအောက်ပါစာချုပ်စာတမ်းများသည်မှတ်ပုံတင်လိုကတင်နိုင်သောစာချုပ်စာတမ်းအမျိုးအစားများဖြစ်သည်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ် တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများပေါ်တွင်ဆိုင်ရာဆိုင်ခွင့်၊ အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို မျက်မှောက်ကာလအတွက် သော်လည်းကောင်း နောင်ကာလအတွက် သော်လည်းကောင်း ဖြစ်မြောက်စေရန်ပြုလုပ်သည့် အပိုင်ပေးစာချုပ်နှင့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကိုဝန်ခံသည့်စာချုပ်စာတမ်းများ၊

(ခ) အပေါင်တန်ဖိုးငွေကျပ်တစ်သိန်းအောက်ဖြင့် ပေါင်နှံသော စာချုပ် စာတမ်းများ၊

(ဂ) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို တစ်နှစ်ထက်မပိုသော ကာလအတွက်ငှားရမ်းသည့် အငှားစာချုပ်စာတမ်းများ၊

(ဃ) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများပေါ်တွင်ဆိုင်ရာဆိုင်ခွင့်၊အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်ပေါ်စေရေးအတွက်ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ သို့မဟုတ် ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်စာချုပ်စာတမ်းများ၊

(င) သေတမ်းစာများ၊

(စ) တရားရုံးကချမှတ်သည့်သာမန်ဒီကရီများ သို့မဟုတ် အမိန့်များနှင့် အနုညာတခုံလူကြီးတို့၏ဆုံးဖြတ်ချက်များ၊

(ဆ) တရားရုံးကဖြစ်စေ၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းကဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို လေလံတင်ရောင်းချပြီးနောက် ဝယ်ယူသူအား ထုတ်ပေးသည့် အရောင်းသက်သေခံလက်မှတ်၊

(ဇ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ဝေသည့် ဂရန်စာချုပ် သို့မဟုတ် ခွဲဝေပေးသည့် စာချုပ်စာတမ်းများ၊

(ဈ) အထက်ဖော်ပြပါ စာချုပ်စာတမ်းများအပြင် ပုဒ်မ ၁၆ ပါ မှတ်ပုံမတင်မနေရစာချုပ်စာတမ်းများအဖြစ် သတ်မှတ်ထားသည့်စာချုပ်စာတမ်းများမှတစ်ပါးအခြား စာချုပ်စာတမ်းများ။

၁၈။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများသည်-

(က) မြန်မာဘာသာဖြင့် ရေးသားထားသော စာချုပ်စာတမ်းများ ဖြစ်ရမည်။

(ခ) အကယ်၍ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာချုပ်စာတမ်းဖြင့်လျှင် နိုတြီပဗ္ဗလစ်ကမှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့်မြန်မာဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။

(ဂ) စာချုပ်ချုပ်ဆိုသူတို့ကပြည့်စုံစွာ ရေးသားလက်မှတ်ရေးထိုးထားသောစာချုပ်စာတမ်းများဖြစ်ရမည်။

(ဃ) စာချုပ်စာတမ်းပါ ရေးသားဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြု လုပ်ထားလျှင် ယင်းသို့ပြုလုပ်ထားသည့် နေရာအသီးသီး၌ စာချုပ်ချုပ်ဆိုသည့်ပုဂ္ဂိုလ်တို့၏လက်မှတ်တိုသို့မဟုတ်လက်မှတ်ရှည်ကို ရေးထိုးရမည်။

၁၉။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပါရှိပါက ယင်းသို့ ဆောင်ရွက်ထားခြင်းကို မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။

၂၀။ သေတမ်းစာမဟုတ်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကို မှတ်ပုံတင်သွင်းပါက မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းစာရင်းကို လွယ်ကူစွာ ခွဲခြားသိရှိနိုင်ရန်အမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့်တည်နေရာတို့ကိုရှင်းလင်းစွာဖော်ပြရမည့်ပြင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းသည် မြေဖြစ်ပါက မြေနှင့်စပ်လျဉ်း၍ သက်သေခံနိုင်သော သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက တရားဝင်ထုတ်ပေးထားသည့် သက်သေခံမြေပုံနှစ်ခုနှင့် မြေရာဇဝင်ပါ ရှိရမည်။

**အခန်း (၅)**
**စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ**

၂၁။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများကို စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍ သော်လည်းကောင်း၊ တရားရုံး၏ဒီကရီ သို့မဟုတ် အမိန့်ကို အမိန့်ချမှတ်သည့် နေ့ရက်မှစ၍သော်လည်းကောင်း ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။ သို့ရာတွင် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုအယူခံဝင်လျှင် မှတ်ပုံတင်ရန်တင်ပြရမည့်ရက်ကို နောက်ဆုံးအယူခံဝင်သည့်ရုံးက အမိန့်ချမှတ်သည့် နေ့ရက်မှ စတင်ရေတွက်ရမည်။

၂၂။ စာချုပ်စာတမ်းတစ်ခုကို နှစ်ဦးထက်ပိုသူများက လက်မှတ်ရေးထိုးချုပ်ဆိုကြသဖြင့် လက်မှတ်ရေးထိုးချိန်ကွဲပြားလျှင် နောက်ဆုံးလက်မှတ်ရေးထိုးသည့်နေ့ရက်မှရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန်တင်ပြရမည်။

၂၃။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြား စာချုပ်စာတမ်းကိုသော်လည်း ကောင်း၊ တရားရုံး၏ဒီကရီ သို့မဟုတ် အမိန့်ကို သော်လည်းကောင်း ပုဒ်မ ၂၁ အရ သတ်မှတ်သည့် ကာလအတွင်းအကြောင်းတစ်စုံတစ်ရာကြောင့် မှတ်ပုံတင်နိုင်ခြင်းမရှိဘဲ သတ်မှတ်ကာလကျော်လွန်ပြီးမှ မှတ်ပုံတင်ရန်တင်ပြသည့်ကိစ္စရပ်တွင်-

(က) မှတ်ပုံတင်လိုသူသည် မှတ်ပုံတင်ခွင့်ပြုရန် ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) ပုဒ်မ၇ နှင့်ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်ပုဒ်မခွဲ(က)အရလျှောက်ထားချက်ကိုလက်ခံရရှိလျှင် ခွင့်ပြုချက်ရရှိရန်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လိုအပ်သလိုစိစစ်ပြီး မှတ်ပုံတင်ရန် သတ်မှတ်ကာလထက် ကျော်လွန်သည့် ကာလသည် ရက်ပေါင်း ၁၂၀ ထက်မပိုလျှင် သတ်မှတ်ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# အိုးမြေတွင်းမန်းချောင်းကူးတံတား ပြီးစီးပြီဖြစ်၍ ရွှေစက်တော်သို့ ရာသီမရွေး သွားလာနိုင်ပြီ

**ဖဲ မေ ၅**
ငဖဲမြို့နယ် အိုးမြေတွင်းမန်းချောင်းကူးတံတား တည်ဆောက်ပြီးစီးပြီဖြစ်၍ မေ ၁ ရက်တွင် တံတားကြီးပေါ်မှ ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်ရာ ဒေသခံပြည်သူများအတွက် အကျိုးပြုသည့်အပြင် မန်းရွှေစက်တော်ရာဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

ငဖဲမြို့နယ် အိုးမြေတွင်းမန်းချောင်းကူးတံတားမှာ ယခင်က သစ်သားတံတားအမျိုးအစားဖြစ်ပြီး ပေ (၃၀၀×၁၂×၁၁) အတိုင်းအတာရှိကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေကျပ် ၃၉ သန်းနှင့် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေ ၁၄ ဒသမ ၅၀ သန်း စုစုပေါင်း ၅၃ ဒသမ ၅၀ သန်းဖြင့် ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ငဖဲမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မန်းချောင်းရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်တွင် ငဖဲ-ရွှေစက်တော်လမ်းပေါ်ရှိ အိုးမြေတွင်းမန်းချောင်းကူး သစ်သားတံတားမှာ အလယ်ခုနစ်ခန်း ပေ ၁၄၀ ကျိုးပဲ့ပျက်စီးသွားခဲ့သည်။

မန်းချောင်းရေကြီးရေလျှံမှုကြောင့် ချောင်းအကျယ်တိုးလာသည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၂၀ ဖြင့် အရှည်ပေ ၉၂၀ သံကူကွန်ကရစ်တံတားတည်ဆောက်ရန် လျာထားတင်ပြခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဦးစီးမှူး ဦးယုနိုင်လင်းထံက သိရသည်။

အဆိုပါ အိုးမြေတွင်းမန်းချောင်းကူးတံတားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ခွင့်ပြုငွေကျပ်သန်း ၉၂၀ ဖြင့် မန်းဧရာဝတီကုမ္ပဏီမှ တင်ဒါအောင်မြင်၍ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အရှည်ဆုံးတံတားဖြစ်ကြောင်း သိရသည်။

အိုးမြေတွင်းမန်းချောင်းကူးတံတားမှာ Bored Pile အုတ်မြစ် သံကူကွန်ကရစ်ကိုယ်ထည်၊ သံပေါင်ယက်မ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး ပေ ၄၀၊ အခန်း ၂၃ ခန်း၊ ရေလယ်တိုင် ၂၂ တိုင်နှင့် ၁၄ ပေ အကျယ် အခန်း ၂၀ နှင့် ၁၈ ပေ အကျယ် ကားရှောင်ခန်း သုံးခန်းပါဝင်ပြီး တံတားတစ်ဖက်တစ်ချက်တွင် ပေ ၁၅၀ အကျယ်၊ ၁၈ ပေ ချဉ်းကပ်လမ်းများပါဝင်ကာ မတ် ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ယခုအခါ ပြည်သူများ တံတားကြီးပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်းနှင့် အိုးမြေတွင်းမန်းချောင်းကူးတံတား



တည်ဆောက်ခြင်းဖြင့် ငဖဲမြို့ ရပ်ကွက်(၂)ရပ်ကွက် ကျေးရွာ ၁၈ ရွာ အိမ်ခြေ ၃၃၁၅ လူဦးရေ ၁၈၇၃၇ ဦးတို့အား အကျိုးပြုသည့်အပြင် ရွှေစက်တော်ဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

---

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN၊ INGOs အဖွဲ့များနှင့်တွေ့ဆုံ



**စစ်တွေ မေ ၅**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN၊ INGOs အဖွဲ့များတွေ့ဆုံပွဲ အခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ပေါင်းစပ်ညှိနှိုင်းရေးရုံး အစည်းအဝေးခန်းမ၌ မေ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကအရေးပါသည့်အတွက်ကြောင့် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ UN၊ INGOs အဖွဲ့များအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်းစာနာထောက်ထားရေး အထောက်ပံ့များ၊ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများ ဆောင်ရွက် ပေးနေသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြောင်းအရာများ သတင်းအချက်အလက်များ ရရှိပါကလည်း ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်စေလိုကြောင်း၊ ပြည်ထောင်စုအစိုးရမှ လိုအပ်သလိုညွှန်ကြားလာသည့်အချိန်တွင်လည်း မိမိတို့ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက IDP စခန်းများတွင် မိုးမကျမီ ပြန်လည်ပြုပြင်ရန်လိုအပ်သည့် အဆောက်အအုံများအားလည်းကောင်း၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ပြည်နယ်အတွင်း ဆောင်ရွက်နေသောလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂအဖွဲ့မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံး (ရခိုင်ပြည်နယ်တာဝန်ခံ) Mr.Chris Carter က UN၊ INGOs များ၏ ရခိုင်ပြည်နယ်အတွင်း ကူညီထောက်ပံ့မှုများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် UN၊ INGOs အဖွဲ့များက မိမိတို့ အဖွဲ့အလိုက် ကူညီဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများအား ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ ကုလသမဂ္ဂအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံး (ရခိုင်ပြည်နယ်တာဝန်ခံ) Mr.Chris Carter နှင့် UN၊ INGOs များမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(စစ်တွေ)**

---

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း(၃/၂၀၁၇) သင်တန်းဆင်းပွဲ ကနီ၌ကျင်းပ

**ကနီ မေ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော နေ့စားလပေး ဆရာ ဆရာမများ သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် သင်ကြားမှုအရည်အသွေးမြင့်မားပြီး သင်ကြားမှု၊ သင်ယူမှု ထိရောက်အောင်မြင်ရေးတို့ကို ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်းဆင်းပွဲကို မေ ၄ ရက်က ကနီမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသား၊ သင်တန်းသူများမှ မင်္ဂလာပါသီချင်းသီဆို၍ အခမ်းအနားအားဖွင့်လှစ်ခဲ့ပြီး ယင်းမာပင်မြို့နယ် ယင်းမာပင်ခရိုင် ခရိုင်ပညာရေးမှူး ဦးအောင်ကြည်စိုးက သင်တန်းမှရရှိသော အတွေ့အကြုံများကိုအသုံးပြုကာ မိမိကျရောက်ရာ ကျောင်းများတွင် စေတနာကိုအရင်းခံ၍ သင်တန်းမှပို့ချပေးသော ပညာရေးသဘောတရားများ၊ ပညာရေးစိတ်ပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ၊ ပန်းချီ၊ စိုက်ပျိုးရေး၊ စက်မှု၊ အိမ်တွင်းမှု၊ ဂီတနှင့် ကာယပညာရပ်များကို ပြန်လည်ကြိုးစား သင်ကြားပို့ချသွားကြစေလိုကြောင်းဖြင့် သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို သင်တန်းနည်းပြဆရာ ဦးချစ်ကိုကိုက ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆရာ ဆရာမများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သင်တန်းသား သင်တန်းသူများက တေးသရင်းဖျော် အဆိုအကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**



---

# ဝေးလံခေါင်းပါးကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ သွားရောက်ပေးအပ်

**မောက်မယ် မေ ၅**
အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့်၊ လဲလှယ်၊ မိတ္တူ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိနိုင်စေရေးအတွက် စီမံချက်ရေးဆွဲ၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မောက်မယ်မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝေးလံခေါင်းပါး ကဒူးကြီးကျေးရွာအုပ်စု၊ ဝမ်မတ်ကျေးရွာ ဘုန်းကြီးကျောင်း၌ မေ ၅ ရက် နံနက် ၁၀ နာရီခွဲက ဒေသခံ ပအိုဝ်းနှင့် ကယားတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိ ဦးအောင်တင်ရွှေက လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြသည်။ ဆက်လက်ပြီး ကဒူးကြီးကျေးရွာအုပ်စုရှိ ကျေးရွာများတွင် နေထိုင်သော ဒေသခံ ပအိုဝ်းနှင့်ကယား တိုင်းရင်းသားများအား အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့် လဲလှယ်၊ မိတ္တူ နိုင်ငံသားစိစစ်ရေးကပ်ပြားများ ၂၂၈ ဦးအတွက် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# အစဉ်လေးစားလို့လိုက်နာပါ၊ ကြက်ခြေနီ၏သီလ ခုနစ်ဖြာ

ကျော်စိုးဦး(မန္တလေး)

> "လူတိုင်းအတွက်လိုအပ်မည့် အကူအညီလိုသူတိုင်းအတွက် လူမှုကရုဏာလုပ်ငန်းများ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးနိုင်ရန် 'လူတိုင်းအတွက် အမြဲကူညီ၊ နေရာတိုင်းမှာ ကြက်ခြေနီ" အမြဲအသင့်ရှိနေ . . ."

ကမ္ဘာသူကမ္ဘာသား နိုင်ငံသူနိုင်ငံသားများအားလုံး ဘေးအန္တရာယ်ခပ်သိမ်းမှကင်းလွတ်၍ ထာဝရအေးချမ်းကြပါစေ။ လာမည့် မေ ၈ ရက်နေ့သည် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို လောကကမ္ဘာမြေသို့ သန္ဓေတည်မွေးဖွားပေးခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား ကြက်ခြေနီ၏ဖခင် ဟင်နရီဒူးနန့်၏ ၁၅၇ နှစ်မြောက်မွေးနေ့ပင်ဖြစ်သည်။ ဆိုဖာရီနိုစစ်မြေပြင်မှ အစတည်ကာ ဟင်နရီဒူးနန့် မွေးဖွားပေးလိုက်သော ကြက်ခြေနီသင်္ကေတသည်ကား လေးနက်လှသလို ကြက်ခြေနီလှုပ်ရှားမှုမှန်သမျှတွင် အသုံးပြုနေကြသော ကြက်ခြေနီသင်္ကေတသည်လည်း ရေးသားရန် လွယ်ကူရိုးရှင်းသလောက် သူ့တန်ဖိုးဂုဏ်ဒြပ်ကား နက်နဲခက်ခဲလှပေသည်။ သို့တိုင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒီတန်ဖိုးလေးနက်လှသော ကြက်ခြေနီသင်္ကေတကို တလွဲအသုံးပြုနေမှုများရှိနေသေးပေသည်။ ဥပမာဆိုရသော ဆေးရုံ၊ ဆေးပေးခန်း၊ ဆေးဆိုင်များ၊ လူမှုအဖွဲ့အစည်းများစသဖြင့် မျိုးစုံလင်စွာ။ ထိုသို့ တလွဲအသုံးပြုမှုများမဖြစ်ပေါ်စေရန်မှာမူ သက်ဆိုင်ရာနိုင်ငံတိုင်း၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်နေသူများ နောက်ဆုံး လူထုထိ တာဝန်ရှိလှပေသည်။

**ကြက်ခြေနီသင်္ကေတကို ဘာ့ကြောင့်အသုံးမပြုသင့်ပါသလဲ။**

ကြက်ခြေနီ၏ လိုက်နာစောင့်စည်း ထိန်းသိမ်းရမည့် ကြက်ခြေနီသီလ ခုနစ်ပါးကြောင့်ပင်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှအစ တစ်ကမ္ဘာလုံးတွင် ကြက်ခြေနီသင်္ကေတများ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်နေသူအားလုံးသည် ကြက်ခြေနီ၏ အခြေခံမူ ခုနစ်ချက် (ဝါ) ကြက်ခြေနီတိုင်းလိုက်နာရမည့်သီလခုနစ်ပါးကြောင့်ပင်ဖြစ်သည်။ အဆိုပါ ကြက်ခြေနီအခြေခံမူ ခုနစ်ချက်ကား ရိုးရှင်းသလောက် အဓိပ္ပာယ်လေးနက်လှသည်။ အဆိုပါအခြေခံမူ ခုနစ်ချက်ကို တစ်ပါးချင်းစောင့်ထိန်း၍မရ ခုနစ်ပါးလုံးသည် ကွန်ရက်သဖွယ်ဖြစ်နေသောကြောင့် ခုနစ်ပါးလုံး လိုက်နာစောင့်စည်းရမည်သာဖြစ်သည်။

ကမ္ဘာတွင် ကြက်ခြေနီလှုပ်ရှားမှုပုံရိပ်သည် ယခုနှစ်တွင် ၁၅၇ နှစ်သို့တိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ နှစ်ပေါင်း ၁၅၇နှစ်တိုင် ကြက်ခြေနီလှုပ်ရှားမှုများ အစဉ်တည်တံ့နေသည်မှာ အဆိုပါ ကြက်ခြေနီ၏ အခြေခံမူခုနစ်ချက်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအပါအဝင် တစ်ကမ္ဘာလုံးတွင်ရှိသော အမျိုးသားကြက်ခြေနီအသင်းပေါင်း ၁၉၀ ကျော်က ယနေ့အချိန်ထိ လေးစားလိုက်နာနေကြသောကြောင့်ပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင်ရှိသော ကြက်ခြေနီသင်္ကေတ (ဝါ)ကြက်ခြေနီလှုပ်ရှားမှုများ လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်များဖြင့် အသက်နှင့်ဂုဏ်သိက္ခာပေါင်းများစွာကို အကူအညီပေးလာနိုင်ခဲ့သည်မှာ ကြက်ခြေနီသင်္ကေတများ အသုံးပြုနေသည့် ကြက်ခြေနီလှုပ်ရှားမှုကြောင့်ပင်ဖြစ်သည်။ အဆိုပါလှုပ်ရှားမှုများ၏ အသက်ဝိညာဉ်မှာ ကြက်ခြေနီ၏ အခြေခံမူများသာဖြစ်သည်။

ကြက်ခြေနီ၏ အခြေခံမူခုနစ်ချက်ကို မလေးစားမလိုက်နာနိုင်ပါဘဲ ကြက်ခြေနီသင်္ကေတများကို တပ်ဆင်အသုံးပြုနေမည်ဆိုပါက သီလမရှိသော လူ့ကိုယ်ခန္ဓာပမာ အခွံသာရှိ၍ အနှစ်မပါနိုင်ဖြစ်မည်။ မိမိကြောင့် မိမိအဖွဲ့အစည်းကြောင့် လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နေသည့် ကြက်ခြေနီလှုပ်ရှားမှု ကရုဏာလုပ်ငန်းပုံရိပ်များစွာကို ထိခိုက်လာနိုင်ချေရှိသည်။ ထိုသို့မဖြစ်စေရန် အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် တာဝန်သိသူ တာဝန်ရှိသူတိုင်း ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို ကူညီဆောင်ရွက်သင့်ကြသည်။

ကမ္ဘာတွင် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းဆိုင်ရာများအခြေခံမူများနှင့်အညီ လှုပ်ရှားဆောင်ရွက်နိုင်ရေးအတွက် ကြက်ခြေနီဆိုင်ရာ ကြက်ခြေနီသင်္ကေတဆိုင်ရာ ဥပဒေများ နည်းဥပဒေများရေးဆွဲလျက် ကြက်ခြေနီသင်္ကေတ (ဝါ) ကြက်ခြေနီလှုပ်ရှားမှုပုံရိပ်ကောင်းများအတွက် အစွမ်းကုန် ကြိုးပမ်းအကောင်အထည်ဖော်နေသလို ကျွန်တော်တို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည်လည်း အမျိုးသားကြက်ခြေနီအသင်းကြီးတစ်သင်းဖြစ်သောကြောင့် ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်နိုင်စေရေးအတွက် ပိုမိုရှင်သန်လွတ်လပ်သော လူမှုကရုဏာအသင်းကြီးအဖြစ် ရပ်တည်နိုင်စေရန် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၂ အရ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဖြစ်ပြီး မကြာမီ နည်းဥပဒေများ ပြဋ္ဌာန်းရတော့မည်ဖြစ်သည်။ ထိုသို့ဆက်လက်နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် တာဝန်သိသူ၊ တာဝန်ရှိသူတိုင်း အလျင်အမြန်အကောင်အထည်ဖော်ဆောင်သင့်လှသလို ဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် အမျိုးသားကြက်ခြေနီအသင်း (National Society) တစ်သင်းတည်းသာတည်ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းကြီးပင်ဖြစ်သည်။ ကမ္ဘာတွင် အမျိုးသားကြက်ခြေနီအသင်းပေါင်း ယနေ့အချိန်တွင် ၁၉၀ ရှိပြီဖြစ်သလို အမျိုးသားကြက်ခြေနီအသင်းတိုင်းသည် သက်ဆိုင်ရာနိုင်ငံတော်၏ ကျန်းမာရေး လူမှုကရုဏာလုပ်ငန်းများဆိုင်ရာကိစ္စရပ်များတွင် အရန်အင်အားအဖြစ်ဆောင်ရွက်လျက်ရှိသည်။ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်နေသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(I.C.R.C)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (I.F.R.C)နှင့် အမျိုးသားကြက်ခြေနီအသင်း (N.S)တိုင်းသည် ကြက်ခြေနီအခြေခံမူ ခုနစ်ချက် (ဝါ) ကြက်ခြေနီလှုပ်ရှားမှုတွေဆောင်ရွက်တိုင်း ကြက်ခြေနီသီလခုနစ်ပါးကို လုံခြုံအောင် ထိန်းသိမ်းဆောင်ရွက်နေကြရာ ရန်သူမိတ်ဆွေမခွဲခြား အကူအညီများပေးနိုင်ရန် အစစအရာရာ အဆိုပါ သီလခုနစ်ပါးသည် လွန်စွာအရေးကြီးလှပေသည်။

**အဆိုပါ ကြက်ခြေနီသီလ(၇)ပါးကား –**

(၁) **လူသားချင်းစာနာထောက်ထားခြင်း (Humanity)**
လူမှုဒုက္ခများကို တားဆီးနိုင်စေရန်နှင့်ကြုံတွေ့ရပါကလည်း လျော့နည်းသက်သာစေရန်၊ ဘေးဒဏ်ခံရသူများ၏ အသက်နှင့်ကျန်းမာရေးကိုကာကွယ်စောင့်ရှောက်ပြီး လူသားအချင်းချင်းအပေါ် အလေးထားဆောင်ရွက်ရန် လွန်စွာအရေးကြီးသည်။ အပြန်အလှန်နားလည်မှု ခင်မင်မှု ပူးပေါင်းဆောင်ရွက်မှုနှင့် ထာဝစဉ်ငြိမ်းချမ်းရေးတို့ကို ပိုမိုတိုးတက်စေသည်။

(၂) **ခွဲခြားမှုမရှိခြင်း (Impartiality)**
နိုင်ငံသား၊ လူမျိုး၊ဘာသာရေး၊ ယုံကြည်မှု၊လူတန်းစား၊ နိုင်ငံရေးခံယူချက်တို့နှင့်ပတ်သက်၍ ခွဲခွဲခြားခြားမပြုရ။ တစ်ဦးချင်းစီ၏လိုအပ်ချက်ကိုသာ ထည့်သွင်းစဉ်းစား၍ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆောင်ရွက်သည်။ ဒုက္ခရောက်သူများအနက် အရေးအကြီးဆုံးနှင့်အဆောတလျင် အကူအညီပေးရမည့်ကိစ္စများကိုသာ ဦးစားပေးဆောင်ရွက်သည်။ တစ်ဦးချင်းအား မျက်နှာသာပေးလိုစိတ်၊ မလိုမုန်းတီးစိတ်တို့ဖြင့် မဆောင်ရွက်ပါ။

(၃) **ကြားနေခြင်း (Neutrality)**
လူတိုင်း၏စိတ်ချယုံကြည်မှုကို အမြဲတစေရရှိရန် အလို့ငှာ ပါဝင်ပတ်သက်သူအားလုံးကိုတွေ့ဆုံသည်။ ကြက်ခြေနီလှုပ်ရှားမှုသည် စစ်ပွဲများတွင် အမှားအမှန်တို့ကို မဆုံးဖြတ်၊ အကြောင်းအရင်းတွင်လည်း ပါဝင်ပတ်သက်မှု မရှိ။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများတွင် ဘက်လိုက်မှုမရှိ ကြားနေသည်။ ကြားနေခြင်းကြောင့် အများယုံကြည်စိတ်ချမှုကိုရရှိကာ အခြားသူများမသွားနိုင်သည့် နေရာဒေသများသို့သွားလာနိုင်ကာ ဘေးဒဏ်ခံစားရသူများကို ခွဲခြားမှုမရှိ အမြဲကူညီပေးနိုင်သည်။

(၄) **လွတ်လပ်ခြင်း (Independence)**
သြဇာအရှိန်အဝါအားလုံး၏ လွှမ်းမိုးမှုမှ ကင်းလွတ်သည်။ ကိုယ်ပိုင်လွတ်လပ်မှုဖြင့် ဆုံးဖြတ်ဆောင်ရွက်သည်။ သက်ဆိုင်ရာအစိုးရများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများကို လေးစားလိုက်နာရမည်။ ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံစည်းမျဉ်းများအတိုင်းလှုပ်ရှားနိုင်ရန်အတွက် အမျိုးသားကြက်ခြေနီအသင်းများသည် အမြဲတမ်းလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ရမည်။

(၅) **စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း (Voluntary Service)**
အကျိုးအမြတ်ရရှိရန် ရည်ရွယ်ခြင်း လုံးဝမရှိပါ။ ကရုဏာနှင့်စာနာစိတ်ကြောင့်သာလျှင် စေတနာ့ဝန်ထမ်းဖြစ်လာသင့်သည်။ စေတနာ့ဝန်ထမ်း ကူညီကယ်ဆယ်ရေးလှုပ်ရှားမှုဖြစ်သည်။ အခြေခံမူများကို အတိအကျ လိုက်နာရန်သာ အရေးအကြီးဆုံးဖြစ်သည်။

(၆) **စည်းလုံးညီညွတ်ခြင်း (Unity)**
နိုင်ငံတစ်နိုင်ငံတွင် ကြက်ခြေနီ သို့မဟုတ် လခြမ်းနီအသင်း တစ်သင်းသာရှိရမည်။ အသင်းကို တစ်နိုင်ငံလုံးအနှံ့ဖွဲ့စည်းထားပြီး လူတိုင်းပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိရမည်။ ကြက်ခြေနီသည် လူမှုကရုဏာလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။

(၇) **ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်း (Universality)**
လှုပ်ရှားမှုအဖွဲ့ဝင်အားလုံးသည် အဆင့်အတန်းတူညီပြီး တာဝန်များ ညီတူညီမျှ ခွဲဝေယူထားကြသည်။ တစ်သင်းနှင့်တစ်သင်း ကူညီပံ့ပိုးမှုပေးကြသည်။ အသင်းတစ်သင်းမှ အခြေခံမူများကို သွေဖည်လျှင် ကျန်အသင်းများကို ထိခိုက်သည်။

ကြက်ခြေနီလှုပ်ရှားမှုများကို ဆောင်ရွက်တိုင်း ကြက်ခြေနီ၏အခြေခံမူများကို တစ်ခုချင်း ခွဲထုတ်၍ ကျင့်သုံး၍ မရ။ အချိန်အခါပေါ်မူတည်၍ လိုက်နာရန်မဟုတ်။ အချိန်ပြည့်လိုက်နာရမည်။ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။ ကြက်ခြေနီ၏အခြေခံမူများကို အချိန်တိုင်း တိတိကျကျ လေးစားလိုက်နာခြင်းဖြင့် ကြက်ခြေနီသင်္ကေတ၏ အကာအကွယ်ပေးနိုင်စွမ်းကို တိုးတက်စေသည်။

ကြက်ခြေနီသည် လူသားချင်းစာနာစိတ်နှင့် လူတိုင်းအတွက် အသက်နှင့်ဂုဏ်သိက္ခာများစွာကို အကူအညီပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ ၂၀၂၀ မဟာဗျူဟာအရ ၂၀၁၆-၂၀၂၀ မဟာဗျူဟာအစီအစဉ်များကို ချမှတ်ထားပြီးဖြစ်ရာ လူထုအားလုံး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ကြရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်ပေါင်း ၁၇ သန်းငါးသိန်းခန့်သည် ကြက်ခြေနီလှုပ်ရှားမှုကွန်ရက်မှတစ်ဆင့် လူထုအကျိုးငှာ အကူအညီပေးနေကြသည်။

ကြက်ခြေနီလှုပ်ရှားမှု၏ ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများမှတစ်ဆင့် လူပေါင်း သန်း ၁၁၀ ခန့်ကိုလည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှတစ်ဆင့် လူပေါင်း ၁၆၀ ဒသမ ၇ သန်းခန့်ကိုလည်းကောင်း၊ ပဋိပက္ခနဲ့အကြမ်းဖက်မှုများကြောင့် စိတ်ထိခိုက်ခံရသူများစွာကို ကူညီနိုင်ခဲ့သလို အကူအညီပေးနေကြသည်။

နှစ်စဉ်လူပေါင်း ၃ ဒသမ ၄ သန်းခန့်သည် သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းများကြောင့် ရောဂါဝေဒနာများခံစားရကာ သေဆုံးလျက်ရှိရာ လူသားချင်း စာနာထောက်ထားမှုအကူအညီလိုအပ်နေသူများကို ကြက်ခြေနီမှ အမြန်ဆုံးနှင့်အထိရောက်ဆုံး ကူညီဆောင်ရွက်ပေးနိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် 'ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်' တည်းဟူသော တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် လူထုအကျိုးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်မှအစ ကျေးလက်အဆုံး လူထုအကျိုးအတွက် ရှေးဦးပြုစုခြင်းသင်တန်းများပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ သူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်းများ၊ သွေးသန့်သွေးလှူဒါန်းခြင်းလုပ်ငန်းများ၊ မိသားစုပြန်လည်အဆက်အသွယ်ရရှိရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားသည့် လူမှုဆက်ဆံရေးလုပ်ငန်းများ၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ ကူညီထောက်ပံ့သည့် လုပ်ငန်းများ၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ကလေးသူငယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ၊ လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်များ၊ မိခင်နှင့် မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အိပ်ချ်အိုင်ဗွီဆိုင်ရာ လူထုအခြေပြုကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်များ၊ ခြေတုလက်တုတပ်ဆင်ပေးရေးလုပ်ငန်းစီမံချက်များ၊လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လူထုအခြေပြု ရေကောင်းရေသန့်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက်များစသည့် လူမှုအကျိုးပြုလူမှုကရုဏာလုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့ လိုအပ်သည့်နေရာများတွင် ဆောင်ရွက်ပေးလျက်ရှိသလို လူတိုင်းအတွက်လိုအပ်မည့် အကူအညီလိုသူတိုင်းအတွက် လူမှုကရုဏာလုပ်ငန်းများ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးနိုင်ရန် 'လူတိုင်းအတွက် အမြဲကူညီ၊ နေရာတိုင်းမှာ ကြက်ခြေနီ" အမြဲအသင့်ရှိနေပါသည်။

သင့်အားအကူအညီပေးရန် ကြက်ခြေနီအသင့်ရှိနေပါသည်။ သင်ကလည်း ကြက်ခြေနီလှုပ်ရှားမှုပုံရိပ်များအတွက် ကြက်ခြေနီသင်္ကေတများကို တလွဲအသုံးမပြုခြင်းဖြင့်လည်းကောင်း၊ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများအတွက် သင်၏ ငွေအား၊ လူအား ၊ အကြံဉာဏ်အားများပေးခြင်းအားဖြင့် လည်းကောင်း အကူအညီပေးနိုင်ကြပါရန် အထူးမေတ္တာရပ်ခံလိုပါသည်။

မည်သို့ဆိုစေ 'လူထုအတွက် လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသော ကမ္ဘာတစ်ဝန်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်တို့အားလည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှုများတွင် လိုအပ်သလို အကူအညီပေးနေကြဦးမည့် တာဝန်သိသူ၊ တာဝန်ရှိသူအပေါင်းအား 'အစဉ်လေးစားလိုက်နာပါ' ကြက်ခြေနီသီလ ခုနစ်ဖြာ ဟူသော ဒီဆောင်းပါးလေးဖြင့် ၂၀၁၇ ခုနှစ် မေလ ၈ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့အား ဂုဏ်ပြုရေးသား လိုက်ပါသည်။

ကမ္ဘာသူ ကမ္ဘာသား နိုင်ငံသူနိုင်ငံသားအပေါင်း ကြက်ခြေနီမေတ္တာရေဖြင့် အစဉ်လန်းဆန်းနိုင်ကြပါစေ။ ။

# ယခုနှစ်အတွက် "Baeksang Art Awards" ဆုပေးပွဲကြီး ကျင်းပပြီးစီး

***တောင်ကိုရီးယားရဲ့ ထင်ရှားတဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Baeksang Art Awards"ဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ မေ ၃ ရက်က ဆိုးလ်မှာ ကျင်းပခဲ့ရာ အနုပညာရှင်များစွာတက်ရောက်ခဲ့ကြပြီး ပြီးခဲ့တဲ့ နှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်ရှင်တွေနဲ့ ရုပ်သံဇာတ်လမ်းတွဲတွေအနက် အကောင်းဆုံးသော အနုပညာလက်ရာတွေနဲ့ ထူးချွန်အနုပညာရှင်တွေကို ရွေးချယ်ကာ ဆုများချီးမြှင့်ပေးခဲ့ကြောင်းလည်း သိရပါတယ်။ အဆိုပါထူးချွန်ဆုတွေကို ပိုင်ဆိုင်ခွင့်ရခဲ့ကြတဲ့ တောင်ကိုရီးယားအနုပညာရှင်တွေအနက်မှ ကျော်ကြားတဲ့အနုပညာရှင်အချို့ကို ရွေးချယ်ဖော်ပြပေးလိုက်ရပါတယ်။***




## အကောင်းဆုံးမျက်နှာသစ်သရုပ်ဆောင်ဆုကို ဆွတ်ခူးခဲ့တဲ့ ကမ်မင်ဆွတ်ခ်

တောင်ကိုရီးယားရဲ့ မျက်နှာသစ်သရုပ်ဆောင်တွေအနက် ထူးခြားပြီး ချစ်စဖွယ်မျက်နှာလေးကြောင့် ပရိသတ်တွေ မှတ်မှတ်ရရရှိနေခဲ့တဲ့ တက်သစ်စသရုပ်ဆောင်တစ်ဦးဖြစ်သူ ကမ်မင်ဆွတ်ခ်ဟာ ၂၀၁၇ ခုနှစ် "Baeksang Art Awards"ဆုပေးပွဲကြီးမှာတော့ အကောင်းဆုံးမျက်နှာသစ်ဇာတ်လမ်းတွဲရုပ်ရှင်သရုပ်ဆောင်ဆုကို ပိုင်ဆိုင်ခွင့်ရခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ကမ်မင်ဆွတ်ခ်ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့တဲ့ တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ဇာတ်လမ်းတွဲရုပ်ရှင် "Doctors"မှာ အလုပ်သင်ဆရာဝန်လေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယင်းဇာတ်လမ်းတွဲရုပ်ရှင်နဲ့ ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးမျက်နှာသစ်ဇာတ်လမ်းတွဲရုပ်ရှင်သရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

## အကောင်းဆုံးအမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ဆုကို ဆန်ရယ်ဂျင် ဆွတ်ခူး

မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေနဲ့ "ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်မှ ဇာတ်လိုက်မင်းသမီး ဟယ်ယွမ်အဖြစ် စတင်ရင်းနှီးခွင့်ရခဲ့တဲ့ တောင်ကိုရီးယားမင်းသမီးချောတစ်ဦးဖြစ်သူ ဆန်ရယ်ဂျင်ဟာ ယခုနှစ်ရဲ့ "Baeksang Art Awards"ဆုပေးပွဲကြီးမှာတော့ အမြင့်ဆုံးသောသရုပ်ဆောင်ထူးချွန်ဆုတစ်ဆုဖြစ်တဲ့ အကောင်းဆုံးအမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကြောင်း သိရပါတယ်။

ဆန်ရယ်ဂျင်ဟာ သူပါဝင်သရုပ်ဆောင်ထားတဲ့ရုပ်ရှင် "The Last Princess" အတွက် ထူးချွန်ဆုအပ်နှင်းခံခဲ့ရတာဖြစ်ပြီး Familyhood" ရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသမီး ကမ်ဟေစိုး၊ "The Handmaiden"မှာ ပါဝင်ထားတဲ့ ကမ်မင်ဟီး ၊ "The Bacchus Lady"နဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ ယွန်ယိုဂျန်းနဲ့"Worst Woman"ရုပ်ရှင်နဲ့ အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ ဟန်ရယ်ရီတို့ကို ကျော်ဖြတ်ကာ ထူးချွန်ဆုကို သိမ်းပိုက်သွားနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။






## အကောင်းဆုံးဒရမ်မာရုပ်ရှင် အမျိုးသားသရုပ်ဆောင်ဆုကို ဂွန်ရိုး ဆွတ်ခူး

ပြီးခဲ့တဲ့နှစ်အတွင်း တောင်ကိုရီးယားရဲ့ ကြည့်ရှုသူအများဆုံးစံချိန်တင်နိုင်ခဲ့တဲ့ ရုပ်ရှင် "Goblin"မှာ ခေါင်းဆောင်ပါဝင်ထားတဲ့ မင်းသား ဂွန်ရိုးကတော့ ယခုနှစ်ရဲ့ "Baeksang Art Awards" ဆုပေးပွဲကြီးမှာ ယင်းရုပ်ရှင်နဲ့ အကောင်းဆုံးဒရမ်မာရုပ်ရှင် အမျိုးသားသရုပ်ဆောင်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

ဂွန်ရိုးဟာ သူနဲ့အပြိုင်ဆန်ခါတင်စာရင်းဝင်မင်းသားတွေဖြစ်ကြတဲ့ "Chief Kim"ရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသား နမ်ဂိုမင်၊ " Moonlight Drawn By Clouds "မှာပါဝင်ထားတဲ့ ပါ့ခ်ဘိုဂန်း၊ "Jealousy Incarnate" နဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ ဂျိုဂျန်ဆွတ်ခ်နဲ့ "Romantic Doctor Kim "ရုပ်ရှင်နဲ့ အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ ဟန်ဆွတ်ခ်ကျူတို့ကို ကျော်ဖြတ်ကာ ထူးချွန်ဆုကို သိမ်းပိုက်သွားနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

"Baeksang Art Awards "ဆုပေးပွဲအခမ်းအနားကြီးမှာ ယခုလို အကောင်းဆုံးသရုပ်ဆောင်ဆုကိုဆွတ်ခူးရရှိခဲ့တဲ့ ဂွန်ရိုးဟာ ဆုလက်ခံရယူမှုအပြီး အမှတ်တရစကားပြောကြားချိန်မှာလည်း မျက်ရည်မဆယ်နိုင်ဖြစ်ခဲ့ရတာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# ရုပ်ရှင်နယ်ပယ်အတွင်း ခြေချလာတဲ့ ပဲရစ်ဂျက်ဆင်

ကွယ်လွန်သွားပြီဖြစ်တဲ့ ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာတော့ အမေဇုန်စတူဒီယိုက ရိုက်ကူးထုတ်လုပ်သွားမယ့်ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်သွားဖို့ သဘောတူပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၁၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပဲရစ်ဂျက်ဆင်ဟာ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်သူ နက်ရှ်အက်ဂါတန်က ရိုက်ကူးပုံဖော်သွားမယ့်ရုပ်ရှင်မှာ ဇာတ်ပို့တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး လတ်တလောအချိန်အထိ ရုပ်ရှင်ရဲ့အမည်ကိုတော့ ရွေးချယ်ခဲ့ပြီးခြင်းမရှိသေးကြောင်းလည်း သိရပါတယ်။

ပဲရစ်ဂျက်ဆင်ရဲ့ ရုပ်ရှင်သစ်ဟာ သည်းထိတ်ရင်ဖိုဟာသရုပ်ရှင်အမျိုးအစားဖြစ်ပြီး ယင်းရုပ်ရှင်မှာ ပဲရစ်ဂျက်ဆင်က အသက်(၂၀)အရွယ် ပန်နီအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပဲရစ်ဂျက်ဆင်နဲ့အတူ ချာလီသယ်ရွန်၊ အမန်ဒါစေးဖရိုင်းဒ်၊ ရှာလ်တိုကော့ပ်လေးစတဲ့ ဟောလိဝုဒ်သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် သူ့အနေနဲ့ သရုပ်ဆောင်ပညာနဲ့ပတ်သက်ပြီး များစွာလေ့လာခွင့်ရမယ့်ရုပ်ရှင်တစ်ကားလည်း ဖြစ်လာမှာဖြစ်ကြောင်း သိရပါတယ်။

ပဲရစ်ဂျက်ဆင်ဟာ ယခုအကြိမ်မှ ပထမဆုံးသရုပ်ဆောင်ခွင့်ရတာတော့ မဟုတ်ပါဘူး။ ယခင်က ဧည့်သည်သရုပ်ဆောင်အဖြစ်တော့ ပါဝင်ခွင့်ရခဲ့ဖူးတာဖြစ်ပါတယ်။ ပဲရစ်ဂျက်ဆင်ဟာ ဖောက်စ်ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်တဲ့ တေးဂီတရုပ်ရှင် "Star"မှာ ဧည့်သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့တာဖြစ်ပါတယ်။

ပေါ့ပ်တေးဂီတရဲ့ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ တေးသံရှင်တစ်ဦးရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ သူ့အနေနဲ့ တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်သွားမှာမဟုတ်ကြောင်းလည်း အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ သူဟာ ဖခင်ရဲ့ တေးဂီတတွေကိုချစ်မြတ်နိုးတဲ့သူတစ်ဦးဖြစ်ပြီး တေးသီချင်းတွေသီဆိုရေးသားရတာတွေကိုနှစ်သက်ပေမယ့် ကိုယ်တိုင်သီဆိုကာ ဂီတကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရွေးချယ်ဖို့ရာတော့ ဆန္ဒမရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ပဲရစ်ဂျက်ဆင်ဟာ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကိုတော့ မော်ဒယ်လ်တစ်ဦးအဖြစ် စတင်ခဲ့ပါတယ်။ မော်ဒယ်လ်အဖြစ် အောင်မြင်လာခဲ့ပြီးနောက်မှာတော့ သရုပ်ဆောင်နယ်ပယ်အတွင်း ယခုလို ခြေလှမ်းစလာခဲ့တာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၁ ရက် ညပိုင်းကကျင်းပခဲ့တဲ့ ယခုနှစ်အတွက် ကြယ်ပွင့်တွေတွေ့ဆုံကြတဲ့ Met Gala 2017 ပွဲအပြီး ပါတီပွဲကိုလည်း ပဲရစ်ဂျက်ဆင်တက်ရောက်လာတာကို တွေ့ရပါတယ်။ ဒါ့အပြင် ပဲရစ်ဂျက်ဆင်ဟာ အနာဂတ်မှာတော့ ဟောလိဝုဒ်ရဲ့ တောက်ပတဲ့ကြယ်တစ်ပွင့် ဖြစ်လာနိုင်ကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားဖော်ပြခဲ့ပါတယ်။









**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးတလုတ်၏ ပဋ္ဌမတန်း စက်ခန်းအုပ်လက်မှတ်-အမှတ် စမပ-၃၈/၂၀၀၀-မော်တော်စက် မြင်းကောင်ရေ-၁၆၅ကောင် ပြည်တွင်းစက်ရေယာဉ်မောင်းနှင်ခွင့်စာအုပ်ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09422546637

**အမည်ပြောင်းခြင်း**

ဦးဇော်ဝင်းထွန်း [၁၂/ပဘတ(နိုင်)၀၀၉၉၄၁]၏သားဖြစ်သူ ရန်ကုန်မြို့ အထက(၁)ဒဂုံ ပဋ္ဌမတန်း(D)မှ မောင်လင်းသန့်ဟိန်းအား မောင်လင်းခန့်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းခန့်ဇော်**

**ပျောက်ဆုံး**

ကျွန်တော် မောင်ဇာလီမောင် [၁၂/ဒဂန(နိုင်)၀၂၇၂၀၀]၊ သင်္ဘောသားမှတ်ပုံတင်အမှတ် CDC-96704၏ BST(4-Ticket) Certificate ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိထားသူအား ကျေးဇူးဆပ်ပါမည်။

**၀၉-၅၀၂၁၈၅၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကျော်သူရိန်၏ သင်္ဘောသားအရာရှိလက်မှတ် 58738 (All IN ONE) စာအုပ်ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

Ph-095032544,09-78515 1706

**တိုက်ခန်းအမြန်ရောင်းမည်**

စမ်းချောင်း- မကြီးကြီးလမ်း (၁၃½ပေ×၆၀ပေ)၊ 2F, 2BR, AC-1, နေထိုင်ရန်အသင့် သိန်း ၆၅၀

Ph-09-31059675, 09-979873350

**ပြည်ဖြိုး (Pyi Phyo)**

**အခြေခံ ယာဉ်မောင်း စက်ပြင်သင်တန်း**

လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်ပြီး တကယ်ကားမောင်းတတ်ချင်ရင် "ပြည်ဖြိုးယာဉ်မောင်း" သင်တန်းသို့ ကြွရောက်ခဲ့ပါ။

**လိုင်စင်ရရှိရေးကို အထူးကူညီဆောင်ရွက်ပေးပါသည်။**

No. 59၊ ပိုးဓလမ်းမှန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

သင်တန်းခွဲ-အမှတ်-၁၊(၅)လမ်းနှင့်(၆)လမ်းကြား၊ လေးဆောင့်ကန်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။

Ph : 09-43157170, 09-254923256, 09-43155793, 09-785183035, 09-43192144






THE GREAT SINGAPORE AIRLINES TRAVEL FAIR
GREAT PLACES GREAT PRICES GREAT PERKS
SILKAIR SINGAPORE AIRLINES A great way to fly A STAR ALLIANCE MEMBER
Myanmar Plaza, Promotion Area |12-14 May 2017 |9 AM to 8 PM
Travel Date : 15' May 2017 to 31 March 2018
Black Out Date : Outbound 3- 5 Oct & 1-2 Nov 2017
Black Out Date : Inbound 8 Oct and 5 Nov 2017
30KG
Singapore 170 မှစ၍
Denpasar (Bali) 370 မှစ၍
Japan 570 မှစ၍
Australia 770 မှစ၍
Europe 870 မှစ၍
USA 970 မှစ၍
Columbus Travel App. ကို Install ပြုလုပ်ခြင်းနှင့်
Columbus FB page ကို like & share ပြုလုပ်ရုံဖြင့်
စက်ဘူလက်မှတ် (၃)စောင် ကံစမ်းနိုင်မည့်အခွင့်အရေး!
Columbus TRAVELS 01- 229245, 2316245, 378535, 250215

MALIKHA DIAGNOSTIC MEDICAL CENTRE
Happy Mothers Day 2017
မိသားစု၏ မရှိမဖြစ်မေမေများအတွက် မလိခစင်တာ၏ လက်ဆောင်မွန်
နေ့ရက် - မေလ (၈ရက်မှ ၂၀ရက်နေ့အထိ) ၂၀၁၇
အချိန် - နံနက် (၈း၀၀) မှည (၈း၀၀)နာရီထိ
နေရာ - Malikha Diagnostic Medical Centre
အမျိုးသမီးကျန်းမာရေးစစ်ဆေးမှုအစီအစဉ်များ
Basic Screening Package: 50% Discount (78,500/Ks) 39,250/Ks
Clinical assessment, Complete Blood Count, Fasting Blood Sugar, Lipid Profile
Renal Function (Urea & Electrolyte), Creatinine, Urine Re, ECG, Chest X-ray, Ultrasound ( Abdomen & Pelvis )
Advanced Screening Package: 30% Discount (142,500/Ks) 99,750/Ks
Clinical assessment, Complete Blood Count, Fasting Blood Sugar, Lipid Profile, Renal Function (Urea & Electrolytes, Creatinine, Urine Re, Thyroid Profile, CA-153, CA-125, ECG, Chest X-ray, Ultrasound, (Abdomen & Pelvis)
Mammogram + Breast Ultrasound Package 40% Discount (35000/Ks) 21000/Ks
အမှတ်-၁၀၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ (ကံမြင့်ဘုန်းကြီးကျောင်းရှေ့)။
Ph:01-2304758,2304759,2304760
Hot Line:09-252280079
E-mail:malikha.healthcare@gmail.com
Website: www.Malikha.net
facebook Malikha Diagnostic Medical Centre

Get a SGD500 Study Grant* when you sign up at our Open Day on 6 May! *T&C apply
MYANMAR OPEN DAY IN YANGON
psb ACADEMY
Sat, 6 May 2017
2.00pm to 4.00pm (Registration starts at 1.30pm)
Mandalay Meeting Room, Novotel Yangon Max Hotel
RVi INSTITUTE
For registration, please contact
Ms. Zin Mar Kyaw
+95 9 254 711 898 , +95 1 536 260
72, Chin Dwin Street, Kamaryut Tsp, Yangon
edutrust

(၁၀)တန်းမှာထူးချွန်စွာအောင်မြင်ဖို့ (၉)တန်းကျောင်းသား(၂၀)ဦးအတွက်
အထူးရွေးအစီအစဉ်
PNY EC ပညာစွာ
အဆင့်မြင့်ဘော်ဒါ နှင့် စာသင် / စာကျက်ဝိုင်း
အခြေခံကောင်းများရရှိဖို့ အထူးကြီးကြပ်သင်ကြားပေးပါမည်။



လူဦးရေ ၈ တန်း - ၁၀ ဦး / ၉ တန်း - ၂၀ ဦး / ၁၀ တန်း - ၃၀ ဦး အမြန်ဆုံးစာရင်းသွင်းပါရန်
အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့။ : 09-5055412, 09-96 5055412, : 01-510617

WTS Win Thitsar Construction
LC No-1173
ဝင်းသစ္စာဆောက်လုပ်ရေး
မှနိုင်ဝံ့ထာအဆင့်မီအရည်အသွေးမြင့်တွန်ဒိုတိုက်ခန်းများအား
လတ်တလော(ဆို)ရောဝတီထက်နှင့်ချိတ်ဆက်၍အရစ်ကျစနစ်ဖြင့်ဈေးနှုန်းချိုသာစွာရောင်းချပေးနေပါပြီ။




တုန်းဝင်လမ်း၊ကြည့်မြင်တိုင်မြို့နယ်။
ဦးဝိုးလမ်း၊စမ်းချောင်းမြို့နယ်။
ဝါးတန်းလမ်း၊စမ်းချောင်းမြို့နယ်။
နဝရက်(၁)လမ်း၊(၈)ရပ်ကွက်၊သာကေတမြို့နယ်။
Pile Foundation , Lift , High-Tech Ready Mixed Concrete , Overhead Steel Tank
၅၀%ပေးသွင်းပြီးလစဉ်အနည်းဆုံး
၅ သိန်း မှ ၁၀ သိန်းကျော်သွင်းရုံဖြင့်အသင့်နေထိုင်နိုင်သော
တိုက်ခန်းရရှိနိုင်မည့်အခွင့်အရေးကို အခုပဲအကောင်အထည်ဖော်လိုက်ပါစို့
ပထမဆုံးဝယ်ယူသူ (၅)ဦးအတွက်ထူးခြားသည့်အစီအစဉ်များ
Hire Purchase from AYA bank. 50% cash down and 5 Years
Office Address
No.35,Room No.901, Phyar Pone Street,Sanchaung Township, Yangon.
09 -50 19851 , 09 -7855-87-925
winthitsar901@gmail.com

TRUST
ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသက်မွေးသင်တန်းကျောင်း
Tourism Management & Vocational Training Centre
May လ တန်းခွဲသစ်များ

| Course | Starting Date | Time | Course Fees |
|---|---|---|---|
| Travel & Tourism Foundation Course TTF-13 | 8.May.2017 (Monday) | 6:30PM To 8:00PM (Monday - Fri) | 95000MMK |
| Basic Airline Ticketing Course ATK-2 | 13.May.2017 (Saturday) | 1:00PM To 4:00PM (Sat,Sun) | 95000MMK |
| Online Tourism Marketing DGM-2 (Short Course Only 4 day) | 20.May.2017 (Saturday) | 9:00AM To 12:00PM (Sat,Sun) | 75000MMK |
| Marketing For Hospitality & Tourism MHT-3 | 20.May.2017 (Saturday) | 5:00PM To 8:00PM (Sat,Sun) | 180000MMK |
| CoustomerServive& Personal Grooming | 3.June.2017 (Saturday) | 9:00AM To 12:00PM (Sat,Sun) | 50000MMK |

သင်တန်းနေရာ ။ ။ အမှတ် (၅၆) ၊ ကျွန်းတောလမ်း နှင့် ဗျာဒိတ်လမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ။ ။ ၀၉ ၇၈၁၂၁၀၇၄၇/၈ ။(လက်ခံနိုင်မည့် အများဆုံးသင်တန်းသားဦးရေ (30) ယောက်)
မှတ်ချက်။ ။ ခုံနေရာအကန့်အသတ်ရှိပါသဖြင့်ငွေပေးသွင်းသူများကိုဦးစားပေးရမည် ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
လှည်းကူးမြို့ ရန်ကုန် -ပဲခူးလမ်းမအနီး၊ချွာမြေ(၄၀ × ၆၀)
ရေ/မီးအစုံ (၆၈) သိန်း
Ph: 09-785548009

(၁)နှစ်ခန့်အောင်းလျှင် ဈေးကောင်းရတော့မည့်
နေရာအကွက်ကောင်းမြေကွက်
ရန်ကုန်-မန္တလေးအမြန်လမ်း(၁၁မိုင် ၅ဖာလုံ-မေးတင်အဝ ပေ ၃၀၀ကျော်)
(၄ ကေကွက်)လက်ရှိ ပျိုးဥယျာဉ်ခြံ
ဈေးနှုန်းချိုသာစွာ (အမြန်ရောင်းမည်)
ဖုန်း-၀၉-၅၁၀၇၀၆၄၊ ၀၉-၇၉၆၃၃၃၆၅၂၊ ၀၉-၄၃၂၀၂၉၅၂

၈ ၁/၂ (ဓါတ်ခွဲ) တိုက်သစ် နှစ်ရှည် ငှားရန်ရှိသည်။
စမ်းချောင်းမြို့နယ်၊ မြေနီတောင်ရပ်ကွက်လမ်းကျယ် အချက်အချာကျသောနေရာ ဘဏ်၊Hotel(ဟိုတယ်)၊ ရုံးခန်း၊ သင်တန်းကျောင်းဖွင့်ရန် အလွန်သင့်တော်သောတိုက်သစ်အားနှစ်ရှည်ငှားရမ်းနိုင်ပါသည်။
- Transformer 200 KVA
- BCC ကျပြီး
- ဓာတ်လှေကားပါသည်။
ဆက်သွယ်ရန်ဖုန်းနံပါတ်- 09-420011777

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ဂုဏ်ယူဝမ်းမြောက်ခြင်း



"PARADISO CINEMAS CO., Ltd " မှ ဒုတိယရုပ်ရှင်ရုံ (၁၀၀/၂) PARADISO (မုံရွာ) ရုပ်ရှင်ရုံအား ၅-၅-၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရုပ်ရှင်ရုံ (၁၀၀) စီမံကိန်း အမြန်ဆုံးပြည့်မီ အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေး
အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေး
ဝေရတ်ရုပ်ရှင်ထုတ်လုပ်ရေး
မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေး
ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေး
သုခမိန်လှိုင်ရုပ်ရှင်ထုတ်လုပ်ရေး
စန္ဒီးပိုက်ရုပ်ရှင်ထုတ်လုပ်ရေး
မေတ္တာရောင်ပြန်ရုပ်ရှင်ထုတ်လုပ်ရေး
ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး
စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေး
ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေး
လှူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေး
စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေး
Home ရုပ်ရှင်ထုတ်လုပ်ရေး
နှင်းဆီရင်ခွင်ရုပ်ရှင်ထုတ်လုပ်ရေး
သောဝန်းကြာဖြူရုပ်ရှင်ထုတ်လုပ်ရေး
The Eyes ရုပ်ရှင်ထုတ်လုပ်ရေး
ဖိုးသူတော်ရုပ်ရှင်ထုတ်လုပ်ရေး
ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေး
သင်္ကေတရုပ်ရှင်ထုတ်လုပ်ရေး
မိုးရုပ်ရှင်ထုတ်လုပ်ရေး
အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေး
အနော်မာရုပ်ရှင်ထုတ်လုပ်ရေး
နိယာယနရုပ်ရှင်ထုတ်လုပ်ရေး
လာဗင်ဒါရုပ်ရှင်ထုတ်လုပ်ရေး
ဆောင်ညပြာသိုရုပ်ရှင်ထုတ်လုပ်ရေး
Media ကမ္ဘာရုပ်ရှင်ထုတ်လုပ်ရေး
အနော်မာသုခအင်တာတိန်းမန့်ရုပ်ရှင်ထုတ်လုပ်ရေး
The grade ဖိုးစိန်ရုပ်ရှင်ထုတ်လုပ်ရေး
Yagon Post
Myanmar Media group
Laurel ရုပ်ရှင်ထုတ်လုပ်ရေး
လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေး

ASIAN Science camp MALAYSIA 2017
MANDALAY technology
Technologies for Development

အာရှသိပ္ပံစခန်းချနေထိုင်ခြင်း (Asian Science Camp) အစီအစဉ်ကို ၂၀၀၇ခုနှစ်မှ စတင်ခဲ့ပြီး ထိုင်ဝမ်၊ ဘာလီ၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ အစ္စရေး၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံ တို့တွင် နှစ်စဉ်ကျင်းပခဲ့ပါသည်။ ယခုနှစ်တွင် မလေးရှားနိုင်ငံ၌ ဩဂုတ်လ (၂၀)ရက်မှ (၂၆)ရက်အထိ ကျင်းပမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ သိပ္ပံပညာရပ်ထူးချွန်ကျောင်းသူ၊ ကျောင်းသား(၅)ဦးကို ရွေးချယ်စေလွှတ်မည် ဖြစ်ပါသဖြင့် အသက် (၁၇)နှစ်မှ (၂၁)နှစ်ကြား ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ၂၀၁၇ခုနှစ် မေလ (၁၄)ရက်နေ့ နောက်ဆုံးထားလျှောက်ထား နိုင်ပါသည်။

အသေးစိတ်အချက်အလက်များနှင့် လျှောက်လွှာရယူရန် -
http://www.mandalay-technology.com/asian-science-camp/

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
think of house, think of Home
ပါကေး အစားထိုး ကြမ်းခင်း



Grade A,B,C,D
စစ်မှန်မှုကိုစက်မြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။

★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
★ လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။
ဒီတံဆိပ်မရှိ
HOTLINE: 09-79 700 70 71
09-79 700 70 81
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (မြင်းခြံ) မြန်မာနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

Topsyne®
FDA ထောက်ခံချက်အမှတ် - 1309 PC 0021

မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"

အသစ်ထပ်မံ ထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ပန်ဆင်းရှင်အစစ်"





Herbal Cream
(ငွေရောင်ဘူး)

Herbal Cream
(ပန်းပွင့်ပုံဘူး)

(ကျား/မ မရွေးသုံးနိုင်သည်)

လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd : 09 86 18081, 09 49 316408

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

နေရာတိုင်းဆောင်ထား

Rain Flower

➤ အရောက်ပို့
➤ တပ်ဆင်
➤ ရှင်းပြ

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၀၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၀
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

5 Year Warranty



ကြော်ငြာ




ဥရောပ ခရီးစဉ်

ပြင်သစ်၊ ဆွစ်ဇာလန်၊ အီတလီ၊ ဗာတီကန်၊ မိုနာကို

(၁၀ ညအိပ် ၁၁ ရက်) စတင်ထွက်ခွာမည့်ရက် - ဇွန်လ ၉ ရက် - USD 3500




SKL TRAVEL

ရန်ကုန် - 01 524 841, 09 788 999 810 မှ 860
မန္တလေး - 09 7714 77141 မှ 146

Myanmar Culture Land Travel & Tour
မြဝတီ-မဲဆောက် သီးသန့် (၁၁ည ၄ ရက်) May -12 125,000 Ks
ပြည်-အကောက်တောင်-ပျူမြို့ဟောင်း May- 9 36,000 Ks
အမှတ်(၇၉၇)၊အခန်း(၉၀၀/A),MAC Tower,ဝါတန်းလမ်း၊လမ်းမတော်မြို့နယ်။
Ph: 09-799601085, 09-445459946,09-251045076

✦ ၅-တန်း မှ ဂ-တန်းအထိ (နှစ်ပေါက်သင်တန်း)
✦ ဂုဏ်ထူးလည်းရ၊ စကားပြောလည်းသွက်အောင်
✦ ဆရာဒွေး(အင်္ဂလိပ်စာ)၏သမီး
ဆရာမဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
မေလဆန်း ဖွင့်ပြီ
အင်္ဂလိပ်စာဂုဏ်ထူးပန်ဆင်တန်းခွဲများ
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုတ်တားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 09-5080104, 09-5047516

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊ မြေညီထပ်၊ မဟာလာလမ်း
09401505559 စမ်းချောင်း

Sunday တိုင်း သင်တန်းအပ် လက်ခံသင်ကြားနေပါသည်
အောင်ကောင်းစံ
ပညာရေးဝန်ဆောင်မှု
အဝေးသင်
April ၂၀၁၇
Facebook page:အောင်ကောင်းစံ အဝေးသင်ဝန်ဆောင်မှု
09 973013055, 09 799642842, 09 795723515

Mr.Hero ဗညာမိုး
အလယ်တန်း (၅၊၆၊၇၊၈)
အင်္ဂလိပ်စာ၊ သင်္ချာ သီးသန့် တန်းခွဲများ
အထက်တန်း (၉၊၁၀)

Panasonic

#AIRTHATMOVESYOU



သင့်ကို စိတ်ကျေနပ်မှုပေးစွမ်းနိုင်တဲ့အရာက ဘာလဲ?

သင့်အလိုကျအေးမြနေသော ပတ်ဝန်းကျင်ကို အတုတူမျှဝေခံစားကြည့်လိုက်ပါ။ သဘာဝအတိုင်းအေးမြသောခံစားမှုကိုရရှိနိုင်စေရန် တီထွင်ထုတ်လုပ်ထားသည့် ပန်နာဆိုးနစ်၏ နည်းပညာကိုအသုံးပြုပြီးနေချင်စရာကောင်းသော စိတ်လှုပ်ရှားဖွယ် နေအိမ်လေးကိုဖန်တီးလိုက်ပါ။

#AIRTHATMOVESYOU

သက်သောင့်သက်သာရှိသော အေးမြမှုအတွက် အလိုအလျောက်ထိန်းညှိပေးနိုင်သောလေစီးကြောင်း

DIRECT COOLING — SKY Series, AERO Series
INDIRECT COOLING — SKY Series, AERO Series




Panasonic Showroom | Yangon : (01) 8 604 657, (01) 205 032, (01) 252 464, (09) 45 504 551
Hotline | Mandalay : (02) 60 488, (02)65 182, (09) 45 504 552 | Nay Pyi Taw : (067) 26 335, (09) 45 504 553

ဦးနှင်းဦး(ထားဝယ်)
ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း

TV (ရန်ကုန်)
ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
ကားမောင်း--စက်ပြင်သင်တန်း
သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဒဂုံ- 09-260111942, 09420066955
09-440051112, 09-44051113


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ(၁)၊ မြေကွက်အမှတ်(၁၆၅/က)၊ မြေကွက်တည်နေရာအမှတ်(၁၆၅/က)၊ ပခုက္ကူလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ (ဦးခင်အုန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်အုန်းထံမှ အရပ် ကတိအရောင်းစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဦးချမ်းမြေ့စိုး[၁၄/ညတန(နိုင်)၁၃၃၇၆၀]နှင့် ဒေါ်နယ်လီသန်း[၁၄/မအန(နိုင်)၁၄၈၉၅၈]မှ မြေချပါမစ်တွင် ဓာတ်ပုံရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် စာရင်းစာရွက်တို့ကိုတင်ပြ၍ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများ စာရင်းစာရွက်တင်ပြနိုင်ခြင်းမရှိဘဲ (ပါမစ်မစုံ)ဖြင့် နှစ်(၆၀)မြေငှားဂရန်စာချုပ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၆၆၉)၊ ကွင်းအမည်-(သံဖြူ)၊ ဦးပိုင်အမှတ်-(N-11)၊ မြေအမျိုးအစား-(ဥယျာဉ်ခြံမြေ)၊ ဗိုလ်ကုန်းစမ်းကျေးရွာ၊ သိမ်ကုန်းလမ်း၊ ဧရိယာ(၁.၀၀ ဧက)ရှိ ဦးအုန်းတင်အမည်ပေါက်၊ မြေကွက်ထဲမှအကျယ်အဝန်း-(၂၄ပေx၆၀ပေ)ရှိ မြေကွက်အား ဒေါ်မိုးစန္ဒာအောင်(၁၂/တမန(နိုင်)၀၀၃၈၅၇)သည် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး မိမိတရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုစွဲပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိမ့်မြနိုင် LL.B,D.B.L,DML — တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇)
ဒေါ်ဥမ္မာဖြိုး LL.B — အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)
အမှတ်-(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၈၉၅၆၀၇၇၃၉၃၃၊ ၀၁-၃၉၃၁၇၃

သင့်သွေးဖြင့် အသက်ကယ်ပါ

# လျှင်ဒဏ်သင့် ပုဂံစေတီ၊ ပုထိုးများ ပြုပြင်မွမ်းမံရာတွင် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးပါ ဆောင်ရွက်လျက်ရှိ


ဒုတိယသမ္မတ ဦးမြင့်ဆွေ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားခဲ့သော ပုဂံ-ညောင်ဦးဒေသရှိ လောကနန္ဒာဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၅**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားခဲ့သော ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ သူရဦးအောင်ကို၊ ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော စိုးမင်းကြီးဘုရား၊ လောကနန္ဒာဘုရား၊ နရသီဟပတေ့ဘုရား၊ စူဠာမဏိဘုရားနှင့် ပြဿဒ်ကြီးဘုရားတို့သို့ရောက်ရှိကြပြီး ယာယီအမိုးအကာပြုလုပ်ခြင်းလုပ်ငန်း၊ ယာယီငြမ်းဆင်၍ ငြမ်းဖြင့်ညှပ်ထိန်းခြင်းလုပ်ငန်း၊ အက်ကြောင်းများ ဖာထေးခြင်းလုပ်ငန်း၊ အတွင်း/အပြင်မှ ယာယီဒေါက်ဖြင့်ထိန်းခြင်းလုပ်ငန်း၊ အလေးဝန်လျော့စေရန် ပျက်စီးအစိတ်အပိုင်းများရှင်းလင်းခြင်းလုပ်ငန်း၊ ယာယီရေပိတ်လွှာပြုလုပ်ခြင်းလုပ်ငန်း၊ နံရံပန်းချီများကြံ့ခိုင်အောင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရှေးမူမပျက် ဆက်လက်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည့် ပုဂံဒေသငလျင်ဒဏ်သင့် စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒



ရွှေတံဆိပ်ရရှိခဲ့သည့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။ဓာတ်ပုံ-ကိုကိုစိုးညွှန့်

# ၂၀၁၇ အာရှဖိတ်ခေါ် ခြင်းလုံးပြိုင်ပွဲ ပထမနေ့ကျင်းပ

**နေပြည်တော် မေ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်မှုဖြင့် အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ Hitachi Soe Electric & Machinery Co.,Ltd.၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ ထိုင်းအသင်းက ရွှေတံဆိပ်ဆု စတင်ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲ ပထမနေ့တွင် Event-1 ပြိုင်ပွဲအမျိုးအစားကျင်းပခဲ့ပြီး အိမ်ရှင်မြန်မာမှ (က)နှင့်(ခ)အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းနှင့် မလေးရှားအသင်းတို့ ဗိုလ်လုပွဲ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

# Yangon Water Bus

# လှိုင်သာယာ-အင်းစိန်-ဗိုလ်တထောင် စတင်ပြေးဆွဲမည်

**ရန်ကုန် မေ ၅**

ရန်ကုန်မြို့တွင် စတင်အကောင်အထည်ဖော်တော့မည့် Yangon Water Bus ရန်ကုန်မြစ်ကြောင်းသွားခရီးသည်ပို့ဆောင်ရေးအစီအစဉ်၏ ပထမဆုံး ခရီးစဉ်အဖြစ် လှိုင်သာယာ-အင်းစိန်-ဗိုလ်တထောင် ခရီးစဉ်ကို လာမည့် ဇွန်လအတွင်း စတင်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းတင်ဒါအောင် ကုမ္ပဏီဖြစ်သည့် တင့်တင့်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောသည်။

Yangon Water Bus ခရီးစဉ်များအနေဖြင့် ရေလမ်းကြောင်း ခရီးစဉ်သုံးခုအဖြစ် လှိုင်သာယာ၊ သန်လျင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မှ ရန်ကုန်မြို့လယ်သို့ ပြေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကနဦးခရီးစဉ်အဖြစ် လှိုင်သာယာ-ဗိုလ်တထောင် ခရီးစဉ်ကို စတင်ပြေးဆွဲမည်ဖြစ်ကြောင်း မေ ၅ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ရှင်းလင်းပြောကြားသည်။

"မြစ်ကြောင်း သုံးကြောင်းဖြစ်တဲ့အတွက် မြစ်ပုံစံသုံးမျိုးကွဲနေတဲ့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

# MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ယနေ့စတင်မည်

**ရန်ကုန် မေ ၅**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို မေ ၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ ပွဲကျပ်များဆက်တိုက်ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် မကွေးအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းမှာလည်း ဧရာဝတီကွင်းတွင် သွားရောက် စမ်းသပ်ခံရမည်ဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲကို ဇွန် ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာယူ-၂၂ အသင်းတို့၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ပွဲစဉ်(၁၆) အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်သည်။

ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၂)အဖြစ် မေ ၆ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်း၊ အောင်ဆန်းကွင်း၌ GFA အသင်းနှင့် Southern အသင်း၊ မေ ၇ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်း၊ မေ ၈ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင်

စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ✻



# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

(၆ - ၅ - ၂၀၁၇ မှ ၁၂ - ၅ - ၂၀၁၇ အထိ)

Vol.2 No-17

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။


4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင်

01- 230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်

01-230 6166

4 နှင့် TV 5 NETWORK

ပြောင်းလဲမှုအသစ်

New

စက်ဈေးနှုန်း အသစ်

~~45,000~~ 39,900 KS




Package ဈေးနှုန်း အသစ်

| Basic Package | Sports Package | HD Package |
|---|---|---|
| ၄၅၀၀++ ကျပ် | ၅၄၀၀++ ကျပ် | ၇၅၀၀++ ကျပ် |




4TV Hotline 01-2306166 www.4tv.com.mm /4tvmyanmar








## for CINEMA2 တွင် ကြည့်ရှုရမည့် မြန်မာဇာတ်ကားကောင်းများ

CINEMA2

6:31 PM,6.5.2017

လူပျိုကြီးနှင့် ဒုတိယအချစ်

ခန့်စည်သူ၊ အိချောပို




7:17 PM,7.5.2017

နှလုံးသားအဘိဓာန်

နေတိုး၊ ဖွေးဖွေး၊ ခိုင်ပွင့်




7:29 PM,10.5.2017

ရင်ဖောက်လမ်း

နေမင်း၊ နန်းဆုဦး၊ ကျော်ဇင်ထွန်း၊ ညီညီမင်း




4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

